# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၄)ရက် ၊ အင်္ဂါနေ့ ၊ (12-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပ





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား အလေးပြုစဉ်။

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်နှင့် တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)တို့၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

အဆိုပါနိုင်ငံတော်ဈာပနအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဓမ္မဝါသေဋ္ဌာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ ဒုတိယသမ္မတ(ငြိမ်း)များ ဖြစ်ကြသည့် သီဟသူရတင်အောင်မြင့်ဦးနှင့် ဦးညွန့်ထွန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အငြိမ်းစား အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞


**အာခါတိုင်းရင်းသားတို့၏ အာခါရိုးရာ ဒန်းစီးပွဲတော်ကို မိုင်းဆတ်မြို့နယ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်** စာမျက်နှာ- ၁၁

**ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့** စာမျက်နှာ- ၂၇

**အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့် လူငယ်များ၏ တာဝန်** ဆောင်းပါး စာမျက်နှာ- ၂၉





ရတနာပုံ
၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ၏အနာဂတ်အတွက် လူငယ်များဖွံ့ဖြိုးတိုးတက်ရေး

ဩဂုတ် ၁၂ ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်တွင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မိမိတို့မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များပိုမိုပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်ကနှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိသည်။

မျက်မှောက်ကာလတွင် လူငယ်များရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းပေးရန် ကမ္ဘာ့လူငယ်များအတွက် အစီအစဉ်များကို နိုင်ငံတကာမှအာရုံစိုက်လာစေရန်၊ လူငယ်တို့၏ စွမ်းပကားတိုးတက်မြင့်မားစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂက နှစ်စဉ်နှစ်တိုင်း အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဆောင်ပုဒ်ချမှတ်ပေးသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်မှာ "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့"ဖြစ်သည်။

လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန်လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြင့် နိုင်ငံကိုကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသည့်ဗလငါးတန်နှင့်ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

လူငယ်ဟူသည် ငယ်ရွယ်နုပျိုခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ စူးစမ်းလေ့လာလိုစိတ်ရှိခြင်း၊ ကာယအား၊ ဉာဏအားဖြင့် အပင်ပန်းခံနိုင်ခြင်း စသောအရည်အချင်းများရှိကြသည်။ ကမ္ဘာ့နိုင်ငံတိုင်းတွင် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူမှုအရင်းအနှီးနှင့် ဉာဏအရင်းအနှီးတို့ အပြိုင်အဆိုင်မြှုပ်နှံကြရာတွင် မျိုးဆက်သစ်လူငယ်များကို ပိုမိုပြုစုပျိုးထောင်ပေးလျက်ရှိပေသည်။ မိမိတို့နိုင်ငံတွင်လည်း လူငယ်များဘက်စုံထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့်နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးပုံဖော်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတော်၏ စွမ်းအားသစ်များအဖြစ် ထွက်ပေါ်လာမည့် သားကောင်းရတနာများဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြရမည့်သူများလည်း ဖြစ်ပေသည်။ ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသော သူများဖြစ်စေရန် ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံတော်အနာဂတ်အတွက် "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့" ဟူသော ဆောင်ပုဒ်နှင့်အညီ လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၁၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံဧက ၁၅၉၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၅၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ဆီထွက်သီးနှံစုံ ၁၅၈၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ ဆီထွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေနဲ့ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် မြေပဲ ၃၄၄ ဧက၊ နှမ်း ၁၀၉ ဧက၊ နေကြာ ၂၅ ဧက၊ အင်းတော်မြို့နယ်တွင် မြေပဲ ဧက ၁၅၀၊ နှမ်း ဧက ၁၂၀၊နေကြာ ၁၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် မြေပဲ ၃၂ ဧက၊ နှမ်း ဧက ၂၆၀၊ နေကြာ ဧက ၅၀ နှင့် ဗန်းမောက်မြို့နယ်တွင် မြေပဲ ၃၈၇ ဧက၊ နှမ်း ၉၃ ဧက စုစုပေါင်း ၁၅၈၅ ဧကတို့ ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစုံ မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် မြေပဲ ၁၃၆ ဧက၊ နှမ်း ၄၆၉ ဧက၊ အင်းတော်မြို့နယ်တွင် မြေပဲ ဧက ၁၅၀၊ နှမ်း ဧက ၁၀၀၊ ထီးချိုင့်မြို့နယ်တွင် မြေပဲ ၃၂ ဧက၊ နှမ်း ၂၀၁ ဧက၊ နေကြာ ဧက ၄၀ နှင့် ဗန်းမောက်မြို့နယ်တွင် မြေပဲ ၃၇၈ ဧက၊ နှမ်း ၈၄ ဧက စုစုပေါင်း ဧက ၁၅၉၀ တို့ ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဆီထွက်သီးနှံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးဖယ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးဖယ်များစနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ ဇွန်လအတွင်း ငါးဖယ်ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးဖယ်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လ ပထမပတ်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ပြီးခဲ့တဲ့တစ်လအတွင်း ငါးဖယ်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ငါးဖယ်တွေ ကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၁၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသမှရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ ရောင်းချနေရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ဖရဲကျွန်း(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်စေရန်နှင့် ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖရဲကျွန်းကျေးရွာအုပ်စု ဖရဲကျွန်း(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၃ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၆ ဒသမ ၆ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်းနှင့် အသေးစားလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၂၉ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖြူးမြို့နယ် ကျီးမနိုးကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး စစ်ဆေး

ဖြူး သြဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သြဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်း၊ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျီးမနိုးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက လုပ်ငန်းစတင်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဖြူးမြို့နယ် ကျီးမနိုးကျေးရွာ၌ အရှည်ပေ ၁၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ အရှည် ၁၂ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၁ ပေရှိ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၈ သန်းဖြင့် Uni Empire ကုမ္ပဏီမှ တာဝန်ယူ၍ သြဂုတ် ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ သံလျှက်မော်အနောက် နေပူရွာနေ ဦးကျော်သန်း-ဒေါ်မြင့်မြင့်သန်း သား၊ သမီး၊ မြေးမြစ်သားစုက ဆွမ်းအလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ သြဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၁၆၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ်ဇွန်လ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ၃၄၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ စပါးဧက ၂၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ သြဂုတ် ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို သြဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်တို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်တို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယ အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးထံ ငွေကျပ် ၁၆၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးထံ ငွေကျပ် ၁၆၃ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# ကျောက်တံခါးမြို့နယ် မှန်ချောင်းအရှေ့စုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ကျောက်တံခါး သြဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်ချောင်းအရှေ့စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို သြဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သောစီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ မှန်ချောင်းအရှေ့စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုထံမှ သိရသည်။

မောင်ခိုင်



# ကြည့်ကန်ရှင်ကြီးနှင့် မေတ္တာစာ

ပြေအေးသက်

ကြည့်ကန်ရှင်ကြီးဆိုသည်မှာ ကြည့်ကန်ရွာမှ ရှင်နန္ဒဓဇသည် ပဉ္စင်းအဖြစ်သို့ ခံယူခြင်းမရှိဘဲ ကိုရင်ကြီး(ရှင်ကြီး)အဖြစ်ဖြင့်သာ စာပေကျမ်းဂန်များကို ပြုစုခဲ့သောကြောင့် "ကြည့်ကန်ရှင်ကြီး"ဟု အမည်တွင်ခြင်းဖြစ်သည်။ ကြည့်ကန်ရွာဆိုသည်မှာလည်း အလောင်းစည်သူမင်းသည် ဤရွာနေရာအရောက်တွင် ရေရစေသောအလို့ငှာ မှူးမတ်များနှင့်အတူ ကြည့်ရှုကန်တူးခဲ့သောကြောင့် "ကြည့်ကန်"ဟု ခေါ်ဆိုခဲ့ကြသည်။ ထိုကန်အနီးတွင် တည်သောရွာဖြစ်သောကြောင့် "ကြည့်ကန်ရွာ"ဟု ခေါ်ဆိုကြကြောင်း သစ္စာဘာဝီကျမ်းတွင် ဖော်ပြထားသည်။ ကြည့်ကန်ရှင်ကြီးကို ပခုက္ကူခရိုင် မြိုင်မြို့နယ် လင်းကတော ၁၀ ရွာတွင် အပါအဝင်ဖြစ်သော ကြည့်ကန်ရွာ၌ ၁၁၁၉ ခုနှစ်က မွေးဖွားခဲ့သည်။ တောင်ငူရွှေနန်းရှင်၏ အဆောင်မြဲမင်း၏ မြစ်တော်စပ်ပြီး စနေသားဖြစ်ကာ ငယ်နာမည်မှာ မောင်နုဖြစ်သည်။ ငယ်စဉ်ကပင် စာပေကျမ်းဂန်များကိုလေ့လာ၍ စဉ့်ကူးမင်းနှင့် ဘိုးတော်ဘုရားလက်ထက်တို့တွင် လွှတ်ရုံးများ၌ စုံစမ်းလေ့လာအမှုထမ်းခဲ့သည်။ အောက်ပြည်အောက်ရွာများတွင် ဗဟုသုတများရှာဖွေခဲ့ရာမှ ကျမ်းတတ်အကျော်အမော် ဆရာတော် ၂၂ ပါးထံတွင် ပညာဆည်းပူးခဲ့သည်။ အသက် ၃၀ ကျော်အရွယ်တွင် လူ့ဘောင်ငြီးငွေ့၍ ကြည့်ကန်ရွာ ဘုံသာထွန်းကျောင်းတွင် ရှင်သာမဏေပြုခဲ့ကာ တပည့်များကို စာချနေခဲ့သည်။

**မေတ္တာစာ**

"မေတ္တာစာ"ဟူသည့် အသုံးအနှုန်းသည် ၅၂၈ သွယ်သောမေတ္တာကို အဓိကအကြောင်းပြု၍ ရေးသားသောစာဟုဆိုသော်လည်း မေတ္တာရပ်ခံသောစာကိုလည်း မေတ္တာစာဟုခေါ်ဆိုရမည်ဟူ၍ ဆိုပြန်သည်။ အကြောင်းမှာ ၇၆၆ ခုနှစ် ရာဇဓိရာဇ် အင်းဝသို့ စစ်ချီလာစဉ် ပင်းယစကြိုသူမြတ်က စစ်မက်မပြုစေချင်း၌ မေတ္တာရပ်ခံသောစာသည် ရှေးဦးဆုံးပေါ်သည့် မေတ္တာစာဟုဆိုကြသည်။ တချို့က "ဇာ" ဟူသည် အသိဉာဏ် ဖြစ်စေသည်ဟူသော အနက်ရှိသဖြင့် "မေတ္တာဇာ"ဟု ရေးသင့်သည်ဆိုပြန်သည်။ တချို့ကမူ ဝမ်းတွင်းအဖြစ်အပျက်တို့ကို နှုတ်ဖြင့်မဆိုနိုင်သောကြောင့် အက္ခရာ "စာ"ဖြင့် ရေးရာ "မေတ္တာစာ"သာ ဖြစ်သင့်သည်ဟု ဆိုပြန်သည်။ အင်းဝခေတ်မေတ္တာစာတို့တွင် စကားပြေနည်းပြီး အလင်္ကာများသည်။ နှစ်ထွေရောသည်ကလည်း များပြားလှသည်ဟုဆိုသည်။ ညောင်ရမ်းခေတ်တွင်မူ စကားပြေကိုသာ သုံးစွဲကြပြီး အလင်္ကာလည်းနည်းကာ နှစ်ထွေရောမှာ မရှိသလောက်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင်ကား မေတ္တာစာမှာ နှစ်ပိုင်းကွဲသေးသည်။

**အင်းဝခေတ်မေတ္တာစာ**

အဆိုပါမေတ္တာစာမှာ စကားပြေဖြစ်ပြီး "စကြိုသူမြတ် နေ့ညဉ့်မပြတ် မေတ္တာရည်ညွှန်း ပို့သွန်းအပ်သော သာသနာ့ဒါယကာဖြစ်တော်မူသော ဆင်ဖြူသခင် မဟာဓမ္မရာဇ် တရားမင်းမြတ်၊ ငါသည်အသက် ၃၁၊ ပဉ္စင်းဝါ ၁၁ဝါရပြီ။ ငါသည် နေ့ညဉ့်မပြတ် ပရိယတ္တိ ပဋိပတ္တိတို့ကို ဖြည့်သည့် ကုသိုလ်အကျိုးကို ခံတော်မူပါ။ သာသနာ့ဒါယကာ တရားမင်းမြတ် မျက်နှာတော်ကို မြင်ချင်၍ ဟံသာဝတီရွှေမြို့တော်တိုင် စုန်ရောက်ပါမည် အကြံရှိသည်လည်း လေ့တက်လုပ်ဆောင်သည် မပြီးသေး သောကြောင့် မရောက်ဘဲ ရှိရလေသည်။ မဟာဓမ္မရာဇ်မင်းမြတ်သည် သာသနာတော်မြတ်စီးပွားကို ရှက်ဆောင်တော်မူသော မင်းဖြစ်တော်မူသည်။ မျက်နှာတော်ကိုမြင်၍ သုစရိုက်၊ ဒုစရိုက်၊ ကုသိုလ်၊ အကုသိုလ်နှင့် ယှဉ်သောစကားကို မပြောဟောရဘဲ အနိစ္စရောက်လေသော် ဒုဂ္ဂတိသို့သာ လားရာလေ၏။ မျက်နှာတော်ကို မြင်၍ ဒါနကထာ၊ သီလကထာအစ ရှိသော စကားတို့ကို ပြောဟောရမှသေရခြင်းသည်ကား ကောင်းရာသုဂတိဘဝသို့ ဖြစ်ရာလေသည်"ဟူ၍ ဖြစ်ပေသည်။

ပတူးကြီးသင်္ဃရာဇာက မိုးညှင်းမင်းတရားထံ ပို့သသောမေတ္တာစာတွင် စကားပြေနှင့် လင်္ကာနှစ်ထွေရောပြီး "မေတ္တာသြဒိတာ၊ မချာပို့သ၊ သမ္ဘာညွှန်းရှင်၊ လောကနာထ၊ ဗုဒ္ဓင်္ကုရ"ဟူ၍ ဆက်သွင်းခဲ့သည်။ ကန်တော်မင်းကျောင်းဆရာတော်၏ ဘုရင်ထံဆက်သသော မေတ္တာစာ၌ "အရီးတော်ဆရာ၊ မဟာထေရ်ကျော်၊ ကန်တော်မင်းကျောင်း၊ မေတ္တာလောင်းသား"ဟု အစချီ၍ နှစ်ထွေရောမေတ္တာစာကို ရေးသားပြုစုခဲ့သည်။ ရှင်မဟာသီလဝံသကလည်း ဒုတိယမင်းခေါင်ထံ ဆက်သွင်းသော မေတ္တာစာတွင် "အသင်္ခါရိကသမ္ပယော၊ တက်ပြောဇဝန၊ ကျာဘိဘဝင်၊ ဖြစ်လျှင်တည်ပျက်၊ ချင့်တွက်ကုဋေ၊ တသိန်းနေလျှင်၊ ချုပ်ထွေအမြဲ၊ စိတ်ထဲကကြည်စွာ၊ စေတနာဖြင့်၊ မေတ္တာသြဒိသ..." ဟူ၍ အလင်္ကာဖြင့်လည်းကောင်း၊ ရှင်မဟာရဋ္ဌသာရ ရိက၊ ဉာဏသမ္ပယောဂေါ၊ သောမနဿဇော၊ တက်ပြောဝိထိ၊ သတိဇောစိတ်၊ ပဋိသန္ဓေ၊ စယုထွေဖြင့်၊ လှည့်သွေမပြတ်၊ ချားရဟတ်သို့၊ ဥပါဒ်ဌီဘင်၊ ဘဝင်သန္တာန်၊ ချုပ်ပြန်ကာကာ၊ တဒါရမ္မဏ...."ဟူ၍ အလင်္ကာဖြင့် လည်းကောင်း၊ ရှင်မဟာရဋ္ဌသာရ ဆက်သွင်းသော မေတ္တာစာတွင် "အသင်္ခါရိက

> ❖"မေတ္တာစာ"ဟူသည့် အသုံးအနှုန်းသည် ၅၂၈ သွယ်သော မေတ္တာကို အဓိကအကြောင်းပြု၍ ရေးသားသောစာဟုဆိုသော်လည်း မေတ္တာရပ်ခံသောစာကိုလည်း မေတ္တာစာဟုခေါ်ဆိုရမည်ဟူ၍ ဆိုပြန်သည်။ အကြောင်းမှာ ၇၆၆ ခုနှစ် ရာဇဓိရာဇ် အင်းဝသို့စစ်ချီလာစဉ် ပင်းယစကြိုသူမြတ်က စစ်မက်မပြုစေချင်း၌ မေတ္တာရပ်ခံသောစာသည် ရှေးဦးဆုံးပေါ်သည့် မေတ္တာစာဟုဆိုကြသည်။ တချို့က "ဇာ" ဟူသည် အသိဉာဏ်ဖြစ်စေသည်ဟူသော အနက်ရှိသဖြင့် "မေတ္တာဇာ"ဟု ရေးသင့်သည်ဆိုပြန်သည်။❖

ရိက၊ ဉာဏသမ္ပယောဂေါ၊ သောမနဿဇော၊ တက်ပြောဝိထိ၊ သတိဇောစိတ်၊ ပဋိသန္ဓေ၊ စယုထွေဖြင့်၊ လှည့်သွေမပြတ်၊ ချားရဟတ်သို့၊ ဥပါဒ်ဌီဘင်၊ ဘဝင်သန္တာန်၊ ချုပ်ပြန်ကာကာ၊ တဒါရမ္မဏ...."ဟူ၍ အလင်္ကာဖြင့် လည်းကောင်း၊ ရှင်မဟာရဋ္ဌသာရ ဆက်သွင်းသော မေတ္တာစာတွင် "အသင်္ခါရိကသမ္ပယော၊ တက်ပြောဇဝန၊ ကျာဘိဘဝင်၊ ဖြစ်လျှင်တည်ပျက်၊ ချင့်တွက်ကုဋေ၊ တသိန်းနေလျှင်၊ ချုပ်ထွေအမြဲ၊ စိတ်ထဲကကြည်စွာ၊ စေတနာဖြင့်၊ မေတ္တာသြဒိသ..." ဟူ၍ အလင်္ကာဖြင့်လည်းကောင်း ရေးဖွဲ့ခဲ့ကြသည်။ အဆိုပါမေတ္တာစာတို့သည် အင်းဝခေတ် ၇၆၃ ခုနှစ်မှ ၉၆၃ ခုနှစ်တွင် ပေါ်ပေါက်ခဲ့ကြသည်။

**ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်မေတ္တာစာ**

အင်းဝခေတ်လွန်၍ ညောင်ရမ်းခေတ်ရောက်သောအခါ မေတ္တာစာတချို့ကိုတွေ့ရသည်။ ၉၅၉ ခုနှစ်နှင့် ၁၁၁၃ ခုနှစ်အတွင်း သာလွန်မင်းတရားကြီးကို ဆက်သွင်းသည့် တောင်ဖီလာဆရာတော်၏ စကားပြေသက်သက်ဖြင့် "...ဝိဇယပူရမြို့တည် ပထမမင်းတရား၊ အသိပညာ သဒ္ဓါစာဂ၊ လောကဓမ္မ မြေးတော်သူသည်...အရပ်ရပ်...."ဟူသည့် မေတ္တာစာ ပေါ်ထွက်ခဲ့လေသည်။ ညောင်ရမ်းခေတ်နှစ်ပေါင်း ၁၅၄ နှစ်ခန့်တွင် အခြားမြန်မာစာပေပုံစံမျိုးဖြစ်သည့် ရတု၊ ချောင်း စသည့် ကဗျာအရေးအသားများ ပေါ်ထွန်းလာမှုများကြောင့် မေတ္တာစာသည် မှေးမှိန်သေးသိမ်သွားသလို ရှိသည်ဟု ဆိုသည်။ ၁၁၁၄ ခုနှစ်မှ ၁၂၁၄ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် ကုန်းဘောင်ခေတ် ပထမပိုင်း မေတ္တာစာတို့တွင် စကားပုံကလေးများညှပ်ကာ စီကုံးနှုန်းဖွဲ့ခဲ့ကြသည်။ မေတ္တာစာများသည် အင်းဝခေတ်ကကဲ့သို့ မေတ္တာရပ်ခံသည့်စာမျိုး မဟုတ်တော့ဘဲ ၅၂၈ သွယ်သောမေတ္တာကို အဆန်းတကြယ် ရေးဖွဲ့သီကုံးသူ များပြားလာပေသည်။ ရှင်ဥက္ကံသမာလာဆရာတော်သည် ဤခေတ်တွင် ရှေးအဦးဆုံး အလင်္ကာအလိုက် မေတ္တာစာကို ဤသို့ ရေးဖွဲ့ခဲ့သည်ကို တွေ့ရှိရသည်။ "...နားကျပန်ဆင်၊ သဘောကဖြူစင်၊ မနောကမငြိုငြင်၊ ဉာဏ်စေ၍ မျှော်မြင်ရော့..."။

၁၂၁၄ ခုနှစ်မှ ၁၂၄၇ ခုနှစ်အတွင်း ပေါ်ထွန်းသည့် ကုန်းဘောင်ခေတ်ဒုတိယပိုင်း မေတ္တာစာတို့သည် ထိပ်တန်းစာများပင်ဟု ဆိုရပေမည်။ စကားပုံများ ထည့်သွင်းစပ်ဆိုကြသေးသော်လည်း အသုံးနည်းလာပြီး ခေတ်မစားလှတော့ပေဟု ဆိုရမည်။ စာပေအရေးအသားဘက်တွင် အစွမ်းကုန်ရေးဖွဲ့စပ်ဆိုကြပေသည်။ စလေဦးပုည၏ မေတ္တာစာတို့သည်ကား မြန်မာစာပေ၏ အဆီအနှစ်အရသာ ပြည့်စုံကုံလုံလှသည်ဟု ဆိုကြသည်။ စလေဦးပုည၏ လက်ဖက်အဖွဲ့ မေတ္တာစာတွင်ပင် " တပေါင်းလပြည့်နေ့၊ ဥတ္တရာဘရ ဂုဏ္ဏီနက္ခတ်၊ သုံးပါဒ်တြင်း၊ နဝင်းဦးအခါ၊ ပဒုမ္မာပွင့် ချပ်မှ၊ ဥပပတ်ကြာဝတ်သူ၊ ဟန်ယူ၍ထွက်သကဲ့သို့၊ သန္တာခက်၊ သန္တာညွန့်၊ တွန့်ရွန့်ရွန့် စီရရီ၊တညီတညွတ်၊ တသမတ်တည်းထွက်လာသောလက်ဖက်ကို...."ဟု ဖွဲ့ဆိုခဲ့သည်။ ထိုခေတ်တွင် ကင်းဝန်မင်းကြီး၊ လုံးထော်ဆရာတော် ဦးဝိပုလ၊ ညောင်ပင်သာ ဦးပုည၊ ဖိုးသူတော်ဦးနု၊ ကန်ရေးဖိုးသူတော်တို့သည်လည်း မေတ္တာစာရေးဖွဲ့ခဲ့သည့် စာဆိုတော်ကြီးများ ဖြစ်ကြသည်။ လယ်တီဆရာတော်၏ နွားသားမစားချင်ရလေအောင်ရေးသည့် မေတ္တာစာသည်လည်း အကျော်ဒေးယျဖြစ်ပေသည်။

**ကြည့်ကန်ရှင်ကြီး၏ မေတ္တာစာများမှ**

၁၁၄၄ ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် ကြည့်ကန်ရှင်ကြီးအနေဖြင့် မေတ္တာစာအမြောက်အမြား ရေးဖွဲ့ခဲ့လေသည်။ ကြည့်ကန်ရှင်ကြီးသည် သက္ကတ၊ ပါဠိ၊ မြန်မာစွယ်စုံကျွမ်းကျင်သူဖြစ်ရကား မကာရန္တလင်္ကာရကျမ်းကို သက္ကတဘာသာမှ မြန်မာဘာသာသို့ အလင်္ကာများဖြင့် ပြန်ဆိုခဲ့သည်။ မေတ္တာစာရေးသားရာ၌လည်း ဆန်းပြားခမ်းနားအောင် ရေးဖွဲ့ခဲ့သည်။ အမိက သားမောင်ရွှေအောင်ထံပေးသည့် မေတ္တာစာတွင် အောက်ပြည်အောက်ရွာသို့ သွား၍ စီးပွားရှာသူ သားဖြစ်သူပြန်လာစေရန် အမိကသားကို သာယာချိုပြေစွာ ကာရန်နဘေထပ်၍ ပြောပုံကို "သေးမှသာလှသည်မဟုတ်၊ ဝေးမှသာရသည် မဟုတ်ပါ။ မသေးဘဲနှင့်ပင် လှပါသည်၊ မဝေးဘဲနှင့်ပင် ရပါသည်"ဟူ၍လည်းကောင်း၊ အချိန်အကြာကြီး မသွားစေလိုသဖြင့် ပြောပုံကို "ပြာမှသာလှသည် မဟုတ်ပါ၊ ကြာမှသာ ရသည်မဟုတ်ပါ။ မပြာဘဲနှင့် လှပါသည်၊ မကြာဘဲနှင့် ရပါသည်"ဟူ၍လည်းကောင်း၊ စီးပွားရှာရာတွင် သတိပေးပုံကို " ကံသာဥစ္စာခနေဖြစ်ချေသည်၊ ဉာဏ်သာဟုတ်ရာသမျှဖြစ်ချေသည်။ ကံရှိမှ မြတ်သည်၊ ဉာဏ်ရှိမှ မြတ်သည်။ ကံနှိုးဆော်မှသာ ထင်ပေါ်နိုင်သည်၊ ဉာဏ်နှိုးဆော်မှသာ မြင်မျှော်နိုင်သည်"ဟူ၍လည်းကောင်း ရေးခဲ့သည်။

ထို့ပြင် အဆိုပါစာတွင် အပေါင်းအသင်း မမှားစေရန်အတွက် မှာကြားပုံ၌ "ဂူပျက်ကိုလည်း မအောင်းနှင့်၊ လူပျက်ကိုလည်း မပေါင်းနှင့်။ ဂူပျက်ကိုအောင်းက ပိတတ်သည်၊လူပျက်ကိုပေါင်းက ငြိတတ်သည်"ဟူ၍ လည်းကောင်း၊ အောက်သူများနှင့် မငြိတွယ်စေရန် မှာကြားပုံတွင် "ထန်းလျက်နှင့်တူသည်လို့ ကျောက်ဖြူကိုလည်း မနမ်းနှင့်၊ ကျွမ်းလျက်နှင့်မြူသည်လို့ အောက်သူကိုလည်း မစမ်းနှင့်၊ ကျောက်ဖြူကို နမ်းလျှင် ဖုန်ကပ်သည်၊ အောက်သူကို စမ်းလျှင် ကုန်တတ်သည်။"ဟူ၍ လည်းကောင်း ရေးခဲ့လေသည်။ ထို့ပြင် အမိက သားမောင်ကြာတုတ်ထံရေးသည့် မေတ္တာစာတွင် လောက၌ ထင်တိုင်းမပေါက်လုပ်ငန်းမအောင်မမြင်ဖြစ်တတ်ပုံကို မှာကြားရာတွင် "ပွဲမင်းလည်း ငွေမှား၊ ဆေးသမားလည်း သားသေ၊ ဗေဒင်သမားလည်း နွားပျောက်၊ ဆောက်သမားလည်း အထွင်းမကောင်း၊ စောင်းသမားလည်း တေးမပီ၊ ပန်းချီသမားလည်း ဟန်မရ"ဟူ၍ လည်းကောင်း၊ တရားသေစွဲမှတ်၍ မရပုံကို မှာကြားရာတွင် "စားတတ်မှ ချင်ရဲပြေလေသည်၊ အာစပ်က ထမင်းပင် စင်သေးသည်။ ချစ်နေကျရည်းစားမှ မုန်းသေးသည်၊ ဖြစ်နေကျပွဲစားမှ ရှုံးသေးသည်"ဟူ၍ လည်းကောင်း ရေးခဲ့လေသည်။

အဆိုပါစာတွင်ပင် လေ့ကျင့်မှုလိုအပ်ကြောင်း မှာကြားပုံ၌ "တဘက်စောင်ကိုပင် ရက်ဖူးသော်လည်း လက်ကျင့်လို့နေရသေးသည်။ လက်ဖက်တောင်ကိုပင် တက်ဖူးသော်လည်း ငှက်သင့်လို့သေရသေးသည်"ဟူ၍ ရေးခဲ့လေသည်။ အဖက သားနှစ်ဦးထံရေးသော မေတ္တာစာအဖွဲ့တွင် သားများကို အဖဖြစ်သူက မျှော်နေပုံကို "ဖြူယောင်နှင့်လည်း မဲတတ်သည်၊ ဟုတ်ယောင်နှင့်လည်း လွဲတတ်သည်။ ဖြူယောင်နှင့် မမည်းစေနှင့်၊ ဟုတ်ယောင်နှင့် မလွဲစေနှင့်။ ရွာမယောင်နှင့် မရွာဘဲ မပြေးစေချင်၊ လာယောင်နှင့် မလာဘဲ မနေစေချင်ပါ။ မိုးကိုလည်း ရွာစေချင်ပါသည်၊ သားကိုလည်း လာစေချင်ပါသည်။ မိုးရွာမှ ဝမ်းသာသည်၊ သားလာမှချမ်းသာမည်။ မိုးတစ်ပေါက်မျှလည်း မရွာပါ၊ သားတစ်ယောက်မျှလည်း မလာပါ။"ဟူ၍ ဖွဲ့ဆိုခဲ့လေသည်။ သမက်မောင်သာရက ယောက္ခမနှင့် အိမ်နေသူများထံ ပို့သော မေတ္တာစာတွင် "ဝမ်းဘဲဟင်္သာ၊ မြောင်းကိုပစ်၍၊ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့။ ဝမ်းထဲတင်းကာ၊ အဟောင်းကိုပစ်၍၊ အသစ်ကိုရှာ၊ နေရာမှား၍၊ ကြားမစေ့"ဟူ၍ လည်းကောင်း၊ "ငှေ့တတ် နွားကိုရှောင်ပြန်၊ ကန်တတ်သည့်နွားနှင့်ညား။ ကျားကိုကြောက်၍ ရှင်ကိုကိုး၊ ရှင်ညို့ ကျားထက်ဆိုး"ဟူ၍ လည်းကောင်း ဖွဲ့ဆိုထားသည်။

**ကြည့်ကန်ရှင်ကြီးစာပေကျမ်းဂန်**

ကြည့်ကန်ရှင်ကြီးပြုစုခဲ့သော မေတ္တာစာများအပြင် စာပေကျမ်းဂန် ၁၃ ကျမ်းတွင် အထင်အရှားနှစ်ရပ်မှာ "မုံရွေးအမေး၊ ကြည့်ကန်အဖြေ"ဟု အဆိုရှိသည့် မုံရွေးဆရာတော်၏ အမေး ၅၅ ချက်ကို ကြည့်ကန်ရှင်ကြီးက ဖြေဆိုထားခြင်းက တစ်ရပ်ဖြစ်ပြီး ကျန်တစ်ရပ်မှာ ကြည့်ကန်အမေး၊ ကျီးသဲလေးထပ်အဖြေဖြစ်သည့် စွယ်စုံကျော်ထင်ကျမ်းပင်ဖြစ်သည်။ မုံရွေးအမေး၊ ကြည့်ကန်အဖြေနှင့်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

## ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၄၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကလေးဝ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၄၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၇ ကေနှင့် ဖူးစားပြောင်း ၂၄၂၁ ကေ စုစုပေါင်း ၂၆၃၈ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၂၈ ကေနှင့် ဖူးစားပြောင်း ၂၁၉၀ ကေ စုစုပေါင်း ၂၄၁၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးဝမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ကေ ၂၆၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၄၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## တို့လယ်တောမှာ

- မိုးခေါ်လို့ဆင်း ရွှေပိန်ညင်းက
အုပ်သင်းပျံဝဲ နွဲခဲ့ပြီ။

- မိုးမှန်လေမှန် ရေသွင်းမှန်လို့
ပြည့်လျှံငွေသွေး ဖွေးခဲ့ပြီ။

- လယ်လုပ်ငန်းခွင် အရောက်ဝင်လျက်
မြေပြင်မြေနှီး နိုးခဲ့ပြီ။

- တမန်းညက်လယ် ပျိုးတွေသယ်လို့
မောင်မယ်ရွက်ထမ်း လှမ်းကြပြီ။

- မိုးကသည်းသည်း စိုစွတ်လည်း
တူနွဲ့လယ်ပေါ် ပျော်ကြသည်။

- ကောက်စိုက်တူပြိုင် တေးသံလိုင်မို့
မြိုင်ဆိုင်ကွင်းလုံး ဖုံးတော့သည်။

- မြရောင်လွှမ်းကာ တို့လယ်သာရေး
တို့အရေးပင် အသိဝင်၍
တွဲယှဉ်လုံ့လ ဝီရိယထား
ဖွံမာန်ပွားလျက် လယ်ကွင်းထက်တွင်
မြသွေးဆင်သော် တွေးထင်ရိက္ခာမြိုင်ဖို့ကို။ ။

မန်းတင့်မော်

## မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်ဖွဲ့စည်းခြင်း ပြုလုပ်

မြန်အောင် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆန်နီချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ ကျေးရွာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက လုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင် ထံမှသိရသည်။ **သံသာ**

➤ စာမျက်နှာ ၄ မှအဆက်

ပတ်သက်၍ မုံရွေးဆရာတော်သည် ကြည့်ကန်ဆရာတော်အောက် ကိုးနှစ်မျှငယ်သည်။ ကျွမ်းဝင်ခင်မင်မှုသည် ၁၁၄၈ ခုနှစ်ကဖြစ်ကြောင်း သိရပေသည်။ မုံရွေးဆရာတော်က ''တတ်စိမ့်ထွေလာ''ချီရတု ပိုဒ်စုံဖြင့် ဗုဒ္ဓဝင်ဆိုင်ရာ အမေးပြဿနာပေါင်း ၅၅ ခုကို ကြည့်ကန်ရှင်ကြီးကို မေးမြန်းခဲ့ခြင်းဖြစ်သည်။ ကြည့်ကန်အမေး၊ ကျီးသဲအဖြေဖြစ်သည့် စွယ်စုံကျော်ထင်ကျမ်းကမူ ကြည့်ကန်ရှင်ကြီး ဘုံသာထွန်းကျောင်းတွင် သီတင်းသုံးစဉ်က ရေးသားထားသည့် ကာရန် ၅၂ ခုနှင့် အမေးပုစ္ဆာ ၁၁၁၇ ခုတို့ဖြစ်သည်။ ထူးခြားသည်မှာ ကြည့်ကန်ရှင်ကြီး ကွယ်လွန်တော်မူပြီး နှစ်ပေါင်း ၅၀ ခန့်အကြာ ၁၂၂၇ ခုနှစ်မှသာ ကျီးသဲလေးထပ်ဆရာတော်ကြီးက ဖြေတော်မူခြင်းဖြစ်သည်။

**စကားအလှရတနာ**

ကြည့်ကန်ရှင်ကြီး၏ မေတ္တာစာများသည် ထင်ရှား၍ ၎င်း၏ မေတ္တာစာများမှ ၁၇စောင်ကို ဒေါက်တာထင်အောင်က အင်္ဂလိပ်ဘာသာပြန်ကာ ခရစ်နှစ် ၁၉၆၈ ခုနှစ်တွင် နယ်သာလန်နိုင်ငံ မာတီးနပ်စ်နစ်ဟော့ဖ် စာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ဘာသာပြန်စာအုပ်အမည်မှာ "အင်္ဂလိပ်-မြန်မာစစ်ပွဲမတိုင်မီ ရေးသားခဲ့သော မေတ္တာစာများ" (Epistles Written on the Eve of the Angle–Burmese War) ဖြစ်သည်။ ပုပ္ပားဦးကျော်ရင်၏ ကဝိဘာရတီကျမ်းတွင် ကဗျာ ၆၇ မျိုးရှိရာ စာနှင့်စကားကိုစွဲ၍ ဖြစ်သောကဗျာ ခုနစ်မျိုးတွင် မေတ္တာစာလည်း ပါဝင်သည်ကို တွေ့ရသည်။ ကြည့်ကန်ရှင်ကြီးပြုစုသော မေတ္တာစာများမှာ တစ်ဦးနှင့်တစ်ဦး ကမ်းလှမ်းပေးပို့သော မေတ္တာစာမျိုးများသာဖြစ်ပြီး ကြီးသူက ငယ်သူကို ဆုံးမဩဝါဒပေးသော သဘောသက်ဝင်သည့် ဆုံးမစာမေတ္တာစာများသာဖြစ်ပေသည်။ ကြည့်ကန်ရှင်ကြီး၏ မေတ္တာစာများသည် လောက၊ ဓမ္မ၊ ရာဇ အရေးသုံးဖြာတွင် လောကရေးကများလှပေသည်။ မည်သို့ပင်ဆိုစေကာမူ ကြည့်ကန်ရှင်ကြီး၏ စကားအလှရတနာများသည်လည်း မြန်မာစာပေလောကတွင် ထွန်းလင်းတောက်ပမြဲ တောက်ပနေမည်မှာ အမှန်ပင်ဖြစ်ပေသည်။

**ကိုးကား**

**၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ၂(က)**

**၂။ ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း**

**၃။ ဆရာပွား၏ ကြည့်ကန်ရှင်ကြီးမေတ္တာစာနှင့် ခက်ဆစ်အဖြေ**

# နိုင်ငံတကာ သတင်းများ

## အိုးအိမ်မဲ့များကို ဝါရှင်တန်မှ ဖယ်ရှားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကတိပေး



**ဝါရှင်တန် ဩဂုတ် ၁၁**

အိုးအိမ်မဲ့များကို ဝါရှင်တန်မြို့မှဖယ်ရှား၍ ဒုစရိုက်သမားများကိုလည်း အကျဉ်းထောင်ထဲသို့ ပို့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၁၀ ရက်တွင် ကတိပြုလိုက်သည်။

ဝါရှင်တန်မြို့၌ ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်တက်လာမှုမရှိကြောင်း ဝါရှင်တန်မြို့တော်ဝန်က ပြောကြားထားသည့်တိုင် အိုးအိမ်မဲ့များကို မြို့တော်မှဖယ်ရှားရန် သမ္မတ ဒေါ်နယ်ထရမ့်က ကတိပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအနေဖြင့် ဝါရှင်တန်မြို့သို့ အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်ရန် ပြင်ဆင်နေကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လော့အိန်ဂျလိစ်မြို့၌ ဆန္ဒပြပွဲများဖြစ်ပွားခဲ့စဉ်ကလည်း အမျိုးသား အစောင့်တပ်များကို ဖြန့်ကြက်ခဲ့ဖူးသည်။

လူဦးရေ ၇၀၀၀၀၀ ရှိသည့် ဝါရှင်တန်မြို့၌ အိုးအိမ်မဲ့ပေါင်း ၃၇၀၀ကျော်ထိ ရှိကြောင်း သိရသည်။

အခြား အမေရိကန်ပြည်နယ်များတွင် အမျိုးသားအစောင့်တပ်ကို ပြည်နယ်အုပ်ချုပ်ရေးမှူးများက ထိန်းချုပ်ထားသော်လည်း ဝါရှင်တန် ပြည်နယ်အမျိုးသား အစောင့်တပ်ကို သမ္မတက တိုက်ရိုက်ထိန်းချုပ်ခွင့် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရေး နယူးဇီလန်စဉ်းစားနေ

**ဝယ်လင်တန် ဩဂုတ် ၁၁**

ပါလက်စတိုင်း ဒေသကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်အသိအမှတ်ပြုရန်နယူးဇီလန်နိုင်ငံက စဉ်းစားနေကြောင်း နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်ပီတာက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအတွက် ဝန်ကြီးချုပ် ခရစ္စတိုဖာလူဆွန်က လာမည့် စက်တင်ဘာလအတွင်း အပြီးသတ်ဆုံးဖြတ်ချက် ချမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

ယခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့်ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုမည်ဖြစ်ကြောင်း ဩစတြေးလျ၊ ဗြိတိန်နှင့် ကနေဒါအပါအဝင် နိုင်ငံအများအပြားကလည်း ကြေညာထားသည်။

နယူးဇီလန်နိုင်ငံ အနေဖြင့် နိုင်ငံ၏မူဝါဒများနှင့်အညီ ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးကို ချိန်ဆဆုံးဖြတ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဝင်စတန်ပီတာက ပြောကြားထားသည်။

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသ၏ ဂါဇာစီးတီးမြို့ကို ထိန်းချုပ်ရန်စီစဉ်နေချိန်တွင် ပါလက်စတိုင်းဒေသကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအစီအစဉ်ကို နယူးဇီလန်နိုင်ငံက ကြေညာထားခြင်းဖြစ်သည်။

အနာဂတ်ပါလက်စတိုင်းနိုင်ငံသစ်ကို အနောက်ဘက်ကမ်း၊ အရှေ့ဂျေရုဆလင်၊ ဂါဇာကမ်းမြောင်ဒေသတို့ဖြင့် ဖွဲ့စည်းရန် ပါလက်စတိုင်းလူမျိုးများက ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နီပေါနိုင်ငံ အနောက်မြောက်ဘက်ရှိ တောင်ထိပ်များကို တောင်တက်ခကောက်ခံမှု နှစ်နှစ်ကင်းလွတ်ခွင့်ပြုမည်

**ခတ္တမန္ဒူ ဩဂုတ် ၁၁**



နီပေါနိုင်ငံ အနောက်မြောက်ဘက်ရှိ တောင်ထိပ် ၁၀၀ခန့်တို့အတွက် တောင်တက်ခကောက်ခံမှုကို နှစ်နှစ်တာ ကင်းလွတ်ခွင့်ပေးရန် နီပေါအစိုးရက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဖွံ့ဖြိုးမှုနည်းပါးသော နီပေါအနောက်မြောက်ပိုင်း တရုတ်နယ်စပ်အနီးဒေသများသို့ နိုင်ငံတကာတောင်တက်သမားများ ပိုမိုလာရောက်ရေးအတွက် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ရန် နီပေါနိုင်ငံအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

နီပေါနိုင်ငံသည် ပြည်တွင်းရှိ တောင်ထိပ်ပေါင်း ၄၉၁ ခုကို နိုင်ငံတကာ တောင်တက်သမားများကို တက်ရောက်ခွင့်ပေးထားသည်။

သို့ရာတွင် တောင်တက်သမားများက ဧဝရက်တောင်အပါအဝင် နီပေါနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိတောင်ထိပ် ၂၅ ခုကိုသာ အဓိကထားတက်ရောက်လေ့ရှိသည်။

သို့ဖြစ်ရာ နီပေါအနောက်မြောက်ဒေသသို့ တောင်တက်သမားများ ပိုမိုလာရောက်ရေးအတွက် ယင်းဒေသရှိ တောင်ထိပ် ၉၇ ခုကို တောင်တက်ခကောက်ခံမှု နှစ်နှစ်တာကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း နီပေါအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

နီပေါနိုင်ငံသည် ယခုနှစ် စက်တင်ဘာလမှစ၍ ဧဝရက်တောင်အပါအဝင် နီပေါနိုင်ငံအတွင်းရှိ တောင်ထိပ်များအတွက် တောင်တက်ခများကို မြှင့်တင်ကောက်ခံရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးနယ်စပ်အနီး ဟစ်ဇ်ဘိုလာလက်နက်တိုက် ပေါက်ကွဲမှုဖြစ်ပွား လက်ဘနွန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး



**ဘေရွတ် ဩဂုတ် ၁၁**

အစ္စရေးနယ်စပ်အနီး တည်ရှိသော လက်နက်တိုက်တစ်ခု၌ ဩဂုတ် ၉ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ရကြောင်း လက်ဘနွန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် လက်နက်တိုက်မှာ အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအုပ်စု၏ လက်နက်တိုက်ဖြစ်သည်။

ယင်းလက်နက်တိုက်အတွင်း လက်နက်ခဲယမ်းများကိုလက်ဘနွန်တပ်ဖွဲ့ဝင်များက ရွှေ့ပြောင်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လက်ဘနွန်တပ်မတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ဘနွန် အစိုးရသည် ဟစ်ဇ်ဘိုလာအုပ်စုကို လက်နက်ဖြုတ်သိမ်းရန် ဆုံးဖြတ်ထားပြီး လက်နက်ဖြုတ်သိမ်းရေးလုပ်ငန်းအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ရန် လက်ဘနွန်တပ်မတော်ကို တာဝန်ပေးထားကြောင်း သိရသည်။

သို့ရာတွင် လက်ဘနွန်အစိုးရ၏ လက်နက်ဖြုတ်သိမ်းရေးအစီအစဉ်ကို ဟစ်ဇ်ဘိုလာအုပ်စုက ငြင်းပယ်ထားသည်။

ဟစ်ဇ်ဘိုလာအုပ်စုသည် ပြီးခဲ့သည့်နှစ်အတွင်း အစ္စရေးနိုင်ငံနှင့် ပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက် အင်အားချည့်နဲ့လျက် ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီကွေဒေါနိုင်ငံ နိုက်ကလပ်၌ ပစ်ခတ်မှုဖြစ်ပွား ရှစ်ဦးသေဆုံး၍ သုံးဦး ဒဏ်ရာရရှိ

**ကွီတို ဩဂုတ် ၁၁**

အီကွေဒေါနိုင်ငံ ဂွါယက်စ်ပြည်နယ်ရှိ နိုက်ကလပ်တစ်ခု၌ ဩဂုတ် ၁၀ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံး၍ သုံးဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

သေနတ် ပစ်ခတ်မှုအတွင်း အခင်းဖြစ်ရာနေရာ၌ ခုနစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ရကြောင်း အီကွေဒေါ တာဝန်ရှိသူများက ပြောကြားထားသည်။

လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသူများက ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာပြီး ပစ်ခတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

နိုက်ကလပ်ပစ်ခတ်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို အီကွေဒေါ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အီကွေဒေါနိုင်ငံသည် ရာဇဝတ်မှုဖြစ်ပွားနှုန်း အလွန်မြင့်မားသည့် တောင်အမေရိကဒေသနိုင်ငံတစ်နိုင်ငံဖြစ်သည်။

ယခုနှစ်အတွင်း လက်ရှိအချိန်ထိ အီကွေဒေါနိုင်ငံ၌ ရာဇဝတ်မှုများကြောင့်သေဆုံးခဲ့ရသူအရေအတွက်မှာ ၄၆၀၀ကျော်ထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီက MetOp-SG-A1 မျိုးဆက်သစ် မိုးလေဝသဂြိုဟ်တုကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေ



**ပဲရစ် ဩဂုတ် ၁၁**

ဥရောပအာကာသအေဂျင်စီသည် MetOp-SG-A1 အမည်ရှိ မျိုးဆက်သစ်မိုးလေဝသဂြိုဟ်တုကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီ ကျွမ်းကျင်သူများသည် ဩဂုတ် ၈ ရက်တွင် MetOp-SG-A1 ဂြိုဟ်တုကို အာရီယာနီ-၆ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်တွင် ထည့်သွင်းတပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါမျိုးဆက်သစ် မိုးလေဝသဂြိုဟ်တုသည် နောက်ဆုံးပေါ် စူးစမ်းလေ့လာရေး စနစ်များ တပ်ဆင်ထားသည့် မိုးလေဝသလေ့လာရေးဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

MetOp-SG-A1 မိုးလေဝသလေ့လာရေးဂြိုဟ်တုကို ၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင် အာရီယာနီ-၆ ဒုံးပျံဖြင့် လွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

အာရီယာနီ-၆ ဒုံးပျံသည် ဥရောပအာကာသ အေဂျင်စီ၏ မျိုးဆက်သစ် ဒုံးပျံဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ယခုနှစ် မတ်လအတွင်း အာရီယာနီ-၆ ဒုံးပျံဖြင့် ပြင်သစ်နိုင်ငံ၏ CSO-3 ထောက်လှမ်းရေးဂြိုဟ်တုကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာမြေနှင့်အဝေးကွာဆုံး၊ ရှေးအကျဆုံး အာကာသတွင်းနက်ကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဩဂုတ် ၁၁**

ကမ္ဘာမြေနှင့် အဝေးကွာဆုံး၊ ရှေးအကျဆုံး အာကာသတွင်းနက်ကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

CAPERS-LRD-Z9 အမည်ရှိ ကြယ်စု၏ဗဟိုချက်တွင်တည်ရှိသော အဆိုပါ အာကာသတွင်းနက်သည် စကြဝဠာပေါ်ထွက်လာပြီး နှစ်ပေါင်း သန်း ၅၀၀ ခန့် အကြာတွင် ဖြစ်ပေါ်ခဲ့သော ကြယ်စုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ အဆိုပါ အာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် အဆပေါင်း သန်း ၃၀၀ ပိုများသည်။

၎င်း အာကာသတွင်းနက်၏ ဒြပ်ထုသည် CAPERS-LRD-Z9 ကြယ်စုအတွင်းရှိ ကြယ်ပေါင်း ထက်ဝက်တို့၏ ဒြပ်ထုနှင့် ညီမျှကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

CAPERS-LRD-Z9 ကြယ်စုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။



ရှေးအကျဆုံး အာကာသတွင်းနက်များကို လေ့လာခြင်းဖြင့် စကြဝဠာ၏ သမိုင်းဦးကာလကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တက္ကဆက်ပြည်နယ်၌ မိုးရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီးနောက် သက်တမ်းနှစ်ပေါင်း ၁၁၅ သန်းရှိ ဒိုင်နိုဆောခြေရာ ကျောက်ဖြစ်ရုပ်ကြွင်းများ ပေါ်ထွက်လာ

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ မိုးရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီးနောက် သက်တမ်းနှစ်ပေါင်း ၁၁၅ သန်းရှိ ဒိုင်နိုဆောခြေရာ ကျောက်ဖြစ်ရုပ်ကြွင်းများ ပေါ်ထွက်လာကြောင်း ဩဂုတ် ၁၀ ရက်သတင်းများအရသိရသည်။



အဆိုပါ ဒိုင်နိုဆောခြေရာ ကျောက်ဖြစ်ရုပ်ကြွင်းများသည် တက္ကဆက်ပြည်နယ် နေ့သ်ဝက်ခ် ထရာဗစ်ခရိုင်၌ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ပေါ်ထွက်လာသည့် ဒိုင်နိုဆောခြေရာများမှာ ၁၅ ခုထိရှိပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၁၁၀ နှင့် ၁၁၅ သန်းကြားထိရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် Acrocantho Saurs နှင့် Paluxy Saurus ဒိုင်နိုဆောများ၏ ခြေရာများဖြစ်နိုင်ကြောင်း သိရသည်။

Acrocantho Saurs ဒိုင်နိုဆောများသည်ကိုယ်ထည်အလျား ၃၅ ပေထိရှိသော အသားစား ဒိုင်နိုဆောများဖြစ်ကြပြီးPaluxy Saurus ဒိုင်နိုဆောများကမူ အသီးအရွက်စား ဒိုင်နိုဆောများဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဗြိတိန်နိုင်ငံမှ ဦးခေါင်းနှင့်လည်ပင်းကင်ဆာ လူနာများကို ကင်ဆာထိုးဆေးသစ်တစ်မျိုးဖြင့် ထိုးနှံပေးမည်

**လန်ဒန် ဩဂုတ် ၁၁**

ဗြိတိန်နိုင်ငံမှ ဦးခေါင်းနှင့် လည်ပင်းကင်ဆာ လူနာများကို ကင်ဆာထိုးဆေးသစ်တစ်မျိုးဖြင့် ထိုးနှံပေးမည်ဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

ဗြိတိန်အမျိုးသားကျန်းမာရေး ဝန်ဆောင်မှုဌာနသည် GMT 113 အမည်ရှိ စမ်းသပ်မှုအစီအစဉ်ဖြင့် အထက်ပါကင်ဆာ ထိုးဆေးသစ်သည် ဦးခေါင်းနှင့်လည်ပင်း ကင်ဆာရောဂါလူနာ ၁၀၀ ကျော်တို့ကို မကြာမီကာလအတွင်း စတင်ထိုးနှံပေးမည်ဖြစ်သည်။

အဆိုပါထိုးဆေးသည် Human Papillomavirus (HPV) ပရိုတင်းများပါဝင်နေသော ကင်ဆာဆဲလ်များကို ရှင်းလင်းရာတွင် လူ့ခုခံအားစနစ် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဦးခေါင်းနှင့်လည်ပင်းကင်ဆာရောဂါဖြစ်ပွားမှုဖြစ်စဉ် ၇၀ ရာခိုင်နှုန်းမှာ HPV ဗိုင်းရပ်နှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ယုံကြည်ထားသည်။

ဦးခေါင်းနှင့်လည်ပင်းကင်ဆာလူနာများကိုကုသရာတွင် တိုးတက်အောင်မြင်မှုများ ရှိနေသည့်တိုင် ကင်ဆာဆဲလ်များ ပျံ့နှံ့ချိန်တွင် အထက်ပါ ကင်ဆာရောဂါမှာ ကုသရန်ခက်ခဲလာပြီး ရောဂါလက္ခဏာ ပြန်ထမှုနှုန်းလည်း မြင့်တက်လာတတ်သည်။

ဦးခေါင်းနှင့်လည်ပင်းကင်ဆာရောဂါသည် ဗြိတိန်နိုင်ငံ၌ အဋ္ဌမမြောက်အဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်သည်။

Ref : Sputnik News

Trs : KKO

## Pregabalin အကိုက်အခဲပျောက်ဆေးကြောင့် သက်ကြီးပိုင်းများ နှလုံးဖောက်နိုင်ခြေမြင့်မားလာနိုင်

**နယူးယောက် ဩဂုတ် ၁၁**

လူနာသန်းပေါင်း များစွာတို့ သုံးစွဲနေကြသည့် Pregabalin အကိုက်အခဲပျောက်ဆေးတစ်မျိုးကြောင့် သက်ကြီးပိုင်းများ၌ နှလုံးဖောက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Pregabalin အမည်ရှိ အထက်ပါဆေးကြောင့် သက်ကြီးပိုင်းလူနာများ၌ နှလုံးဖောက်မှုပြဿနာပေါ်လာနိုင်ခြေ ၄၈ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်သည်။

အထူးသဖြင့် Pregabalin ဆေးကြောင့် နှလုံးဖောက်နိုင်ခြေ မြင့်တက်လာနိုင်မှုမှာ နှလုံးရောဂါအခံရှိသည့် သက်ကြီးပိုင်းများကြား ပို၍မြင့်မားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Pregabalin ဆေးသည် အတက်ရောဂါကို ကုသရာတွင် အသုံးပြုသည့် ဆေးတစ်မျိုးဖြစ်ပြီး နာတာရှည် နာကျင်ကိုက်ခဲမှုများကို ကုသရာတွင်အသုံးပြုသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Pregabalin ဆေးကိုသုံးစွဲရာတွင် နှလုံးကျန်းမာရေးပြဿနာများကိုပါ ထည့်သွင်းစဉ်းစားသင့်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့် ၈၉ နှစ်ကြား သက်ကြီးပိုင်း ၂၄၀၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO





# နိုင်ငံတကာ အားကစားသတင်းများ

## ဂျာမနီနိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူး ဖလိုရီယန်ဝစ် ဆွတ်ခူး

**ဘာလင် ဩဂုတ် ၁၁**

ဂျာမနီနိုင်ငံ Kicker အားကစား မဂ္ဂဇင်းက ပေးအပ်ချီးမြှင့်သည့် ဂျာမနီတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ၂၀၂၄-၂၀၂၅ ခုနှစ် ဘောလုံးရာသီက လေဗာကူဆင်အသင်းနှင့် အတူ ခြေစွမ်းပြကစားခဲ့သည့် တိုက်စစ်မှူး ဖလိုရီယန်ဝစ်က ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါဆုကို နိုင်ငံအတွင်းရှိ ဘောလုံးအဖွဲ့ချုပ်များနှင့် ဘောလုံးဂျာနယ်များက မဲပေးရွေးချယ်မှု ပြုလုပ်ခဲ့ရာ အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဖလိုရီယန်ဝစ်က ဆန္ဒမဲ ၁၉၁ မဲဖြင့် မဲအများဆုံးရရှိခဲ့ပြီး ၎င်းနောက်တွင် အိုလီဆီက ဆန္ဒမဲ ၈၁ မဲဖြင့် ဒုတိယ၊ စတုဂတ်တိုက်စစ်မှူး ဝိုလ်တီမာတီက ဆန္ဒမဲ ၇၁ မဲဖြင့်တတိယ၊ အသင်းဖော်တိုက်စစ်မှူးမူလာက ဆန္ဒမဲ ၇၀ ဖြင့် စတုတ္ထနေရာတွင် အစဉ်လိုက်ရပ်တည်ခဲ့သည်။

အမျိုးသမီး တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဂူလီယာဂွင်းနှင့် အန်ကတ်ထရင်ဘာဂါတို့က ဆန္ဒမဲ ၁၄၅ မဲစီဖြင့် ပူးတွဲဆွတ်ခူးနိုင်ခဲ့ပြီး တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို ဖရိုင်းဖတ်အသင်းအား ယူရိုပါလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြ ရှက်စတာက ဆွတ်ခူးခဲ့သည်။

ဂျာမနီဘောလုံးအဖွဲ့ချုပ်အနေဖြင့် တစ်နှစ်တာအကောင်းဆုံးဆုကို ၁၉၆၀ ပြည့်နှစ်ကတည်းက စတင်ပေးအပ်ခဲ့ပြီး အကောင်းဆုံး နည်းပြဆုကို ၂၀၀၂ ခုနှစ်မှသာ ချီးမြှင့်ခဲ့သော်လည်း နည်းပြ ဂျာဂျင်ကလော့နှင့် ဖီးလစ်တို့က အကောင်းဆုံးဆု သုံးကြိမ်စီရရှိခဲ့သကဲ့သို့ အကောင်းဆုံးကစားသမား ဆုကို ကစားသမားဟောင်း ဖရန့်ဘက်ကင်ဘောင်ဝါက လေးကြိမ်ဖြင့် အများဆုံးဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML



### အားကစားသတင်းအတိုအထွာများ

- ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် ဆန်းဒါးလန်းအသင်းက နွေရာသီအပြောင်းအရွှေ့တွင် ၁၀ ဦးမြောက် ကစားသမား ခေါ်ယူမှုအဖြစ် တူကီယဲကလပ် ဘက်ဆစ်တပ်အသင်းမှ အလွတ်ပြောင်းရွှေ့ခဲ့သည့် ခံစစ်ကစားသမား မက်ဆူယာကူကို ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။
- အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲသို့ ဆင်းကစားရမည့် ပဲလေ့စ်အသင်း အယူခံတင်သွင်းခဲ့သော်လည်း အားကစားဆိုင်ရာခုံသမာဓိရုံးက ယနေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ရာ ပဲလေ့စ်အသင်းအနေဖြင့် ယူရိုပါကွန်ဖရင့်လိဂ်တွင်သာကစားရမည်ဖြစ်ပြီး ၎င်းနေရာတွင် နော့တင်ဟမ်အသင်းက ယူရိုပါလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ကစားခွင့် ရရှိခဲ့ကြောင်း သိရသည်။
- မန်စီးတီးကွင်းလယ်ကစားသမား ဂရီလစ် အဲဗာတန်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ရရှိခဲ့ပြီး အပြီးသတ်ဝယ်ယူခွင့် ပါရှိခဲ့ကြောင်း သိရသည်။

ML

## ပဲလေ့စ်အသင်းက လီဗာပူးအသင်းကို အနိုင်ယူ၍ ကွန်မြူနတီဒိုင်းကို ပထမဆုံးအကြိမ်ဆွတ်ခူး



**လန်ဒန် ဩဂုတ် ၁၁**

ကွန်မြူနတီဒိုင်း ပြိုင်ပွဲအဖြစ် ပရီးမီးယားလိဂ် ချန်ပီယံလီဗာပူးအသင်းနှင့် အက်ဖ်အေဖလား ချန်ပီယံ ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲလေ့စ်အသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် ပထမဆုံးအကြိမ် ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ လီဗာပူးအသင်းက ပွဲစကတည်းက တိုက်စစ်မြင့် ကစားလာခဲ့သောကြောင့် ပွဲချိန် လေးမိနစ်တွင် အီကီတီကီက ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပဲလေ့စ်အသင်းက တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်ဖိအားပေးခဲ့ရာ ပွဲချိန် ၁၃မိနစ်တွင် မာတီတာက ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

သို့သော် လီဗာပူးအသင်း ကစားသမားများက တစ်ဦးချင်း စွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်နေသောကြောင့် ပွဲကစားချိန် ၂၁ မိနစ်အရောက်တွင် ဆိုဘော့ဇလိုင်၏ဖန်တီးမှုကို ဖရင်ပေါင်က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပိုင်းတွင် လီဗာပူးအသင်းက တိုက်စစ်ကစားပုံလျှော့ချ၍ ကွင်းလယ်ပိုင်းအား ဖြည့်ခဲ့ပြီးနောက် ပဲလေ့စ်အသင်းက ဂိုးရရှိရန် ပိုမိုဖိအားပေးလာနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၇၇ မိနစ်အရောက်တွင် အစ်စမာလီယာဆားက ဒုတိယချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် လက်ကျန်ပွဲချိန်များတွင် ခံစစ်အားပြုကစားခဲ့ရာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီတွင် လီဗာပူးအသင်းက ငါးကြိမ်ကန်သွင်းခဲ့ရာတွင် ဂိုးသမား ဟန်ဒါဆန်၏ကာကွယ်မှုကြောင့် နှစ်ကြိမ်သာ ဂိုးရခဲ့ပြီး ပဲလေ့စ်အသင်းက ငါးကြိမ်တွင် သုံးဂိုးထိသွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ပထမဆုံး အကြိမ်ကွန်မြူနတီဒိုင်းကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

## ဂျီအန်ဂမ်ပါဖလားပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက ကိုမိုအသင်းကို ငါးဂိုးပြတ်အနိုင်ရရှိ

**ဘာစီလိုနာ ဩဂုတ် ၁၁**

ဘာစီလိုနာအသင်းက နှစ်စဉ် လာလီဂါဘောလုံးပြိုင်ပွဲမစတင်မီ ကျင်းပပြုလုပ်သည့် ဂျီအန်ဂမ်ပါဖလားပြိုင်ပွဲတွင် ကိုမိုအသင်းကို ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပွဲရခဲ့သဖြင့် ချန်ပီယံဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဘာစီလိုနာ အသင်းအနေဖြင့် ရာသီကြိုခြေစမ်းပွဲစဉ်တွင် ရှုံးပွဲမရှိသေးသည့် ကိုမိုအသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၂၁ မိနစ်နှင့် ၃၅မိနစ်တွင် ဖာမင်လိုပက်ဇ်၊ပွဲချိန် ၃၈မိနစ်တွင် ရာဖင်ဟာ၊ ပွဲချိန် ၄၂ မိနစ်နှင့် ၄၉ မိနစ်တို့တွင် ယာမယ်တို့၏ သွင်းဂိုးများဖြင့် နိုင်ပွဲရခဲ့ပြီး ဂျီအန်ဂမ်ပါဖလားသမိုင်းတွင် ၄၆ ကြိမ်မြောက် ဆုဖလားရရှိခဲ့ခြင်း ဖြစ်သည်။

ယခုပွဲစဉ်တွင် ဘာစီလိုနာအသင်းမှ တိုက်စစ်မှူး လီဝမ်ဒေါ်စကီးသည် တံကောက်ကြောဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိသဖြင့် နည်းပြ ဖလစ်က အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကိုအထောင် တိုက်စစ်တွင် အသုံးပြုခဲ့ပြီး အသင်းအနေဖြင့် ငါးဂိုးလေးဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့်ရာသီအကြိုခြေစမ်းပွဲလေးပွဲတွင် အသင်းတိုက်စစ်ပိုင်းက သွင်းဂိုး ၂၀ ထိသွင်းယူနိုင်ခဲ့သကဲ့သို့ တိုက်စစ်မှူး ယာမယ်ကလည်း အသင်းအတွက် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ထိပြုလုပ်နိုင်ခဲ့သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာ အသင်းအနေဖြင့် ပြင်သစ်ကလပ် မိုနာကိုအသင်းကို ဂျီအန်ဂမ်ပါဖလားဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ရှုံးပွဲကြုံခဲ့ရသဖြင့် ဆုဖလားနှင့် လွဲချော်ခဲ့ရပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် စီးရီးအေကလပ် ကိုမိုအသင်းကိုသာ ဖိတ်ခေါ်၍ ဆုဖလားရယူနိုင်ခဲ့သဖြင့် ၄၆ ကြိမ်မြောက် ဆုဖလားရယူနိုင်ခဲ့ကာ ဖလားသမိုင်းတစ်လျှောက်တွင် ဆုဖလားအများဆုံးရရှိခဲ့သည့် အသင်းဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

## FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဂျက်စတင်ရို့စ် ဆွတ်ခူး

**တန်နက်စီ ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ်တွင် ကျင်းပနေသည့် Fed Ex St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်က ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်စတင်ရို့စ်သည် နောက်ဆုံးနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားဂျေဂျေစပေါင်းနှင့်အတူစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားအား ပူးတွဲဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂျက်စတင်ရို့စ်က အနိုင်ရခဲ့ပြီး ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည်။

ဂျေဂျေစပေါင်းသည် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားဖလက်ဝုဒ်နှင့် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာတို့သည်လည်း စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။



အသက် ၄၅ နှစ်အရွယ်ရှိနေပြီဖြစ်သည့် ဂျက်စတင်ရို့စ်သည် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီး မျက်မှောက်ခေတ်တွင် PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် အသက်အကြီးဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဂျက်စတင်ရို့စ်က "နောက်ဆုံးနေ့ရဲ့ နောက်ဆုံးမိနစ် ၉၀ အတွင်း ကာလဟာ အရမ်းကိုအံ့အားသင့်ဖို့ကောင်းတဲ့ အချိန်ကာလဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ထားပြီးကြိုးစားခဲ့လို့ ချန်ပီယံဖြစ်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဂျပန်ဖိတ်ခေါ် U12 Junior Soccer World Challenge 2025 ပြိုင်ပွဲတွင် မြန်မာ ယူ-၁၂ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်




ရန်ကုန် ဩဂုတ် ၁၁

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် နှစ်စဉ်ကျင်းပနေသည့် U 12 Junior Soccer World Challenge 2025 ပြိုင်ပွဲသို့ မြန်မာယူ-၁၂ အသင်း သွားရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် လူငယ်များ နိုင်ငံတကာ ပြိုင်ပွဲ အတွေ့အကြုံရရှိစေရန် ၂၀၁၃ ခုနှစ်မှစတင်ကာ အဆိုပါ ပြိုင်ပွဲအား သွားရောက်ယှဉ်ပြိုင် လျက်ရှိပြီး ယခုနှစ်ပြိုင်ပွဲသည် တတိယအကြိမ်မြောက် ယှဉ်ပြိုင် သည့်ပြိုင်ပွဲဖြစ်သည်။

U 12 Junior Soccer World Challenge 2025 ပြိုင်ပွဲတွင် ဥရောပ နာမည်ကျော်ကလပ် ဘာစီလိုနာမှ ယူ-၁၂ အသင်းနှင့် ဖိတ်ခေါ်ခံရသော အသင်းများ၊ ဂျပန်အခြေစိုက် အသင်းများ အပါအဝင် အသင်းပေါင်း ၄၀ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စု ရှစ်စု ခွဲထား ပြီး တစ်အုပ်စုလျှင် အသင်း ငါးသင်းပါဝင်မည်ဖြစ်ကာ မြန်မာ ယူ-၁၂ အသင်းမှာ အုပ်စု (D) ၌ Vegalta Sendai ၊ Tokyo Verdy Jr ၊ Ekkono Method ၊ Shonan Bellmare အသင်းတို့နှင့် ရင်ဆိုင် ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၁၉ မှ ၂၂ ရက်ထိ ဂျပန်နိုင်ငံ ချီဘားရှိ ဖူကူဒါဒန်ရှီကွင်းတွင် ကျင်းပမည် ဖြစ်သည်။

မြန်မာ ယူ-၁၂ လူငယ်များအား ပြိုင်ပွဲကာလပြီးသည်နှင့် ဂျပန် နိုင်ငံ၏ အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ ဂျေလိဂ် ဘောလုံးပြိုင်ပွဲ ကြည့်ရှုခြင်း တို့အား စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

မြန်မာယူ-၁၂ အသင်းကို ပြီးခဲ့ သည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲများမှ ရွေးချယ်ထားသည့် အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်) နှင့် မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)မှ ကစား သမား ၁၈ ဦးဖြင့် ဖွဲ့စည်းထားပြီး အသင်း အုပ်ချုပ်သူအဖြစ် ဦးထွန်း အောင်ကျော်၊ အသင်းနည်းပြချုပ် အဖြစ် ဦးတင်မောင်ဝင်းတို့က ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

STA

# Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဝယ်လ်တန် တက်ရောက်

အိုဟိုင်းယိုး ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ အိုဟိုင်းယိုး ပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ် ပြိုင်ပွဲဒုတိယအဆင့် ပွဲစဉ်တစ်ပွဲ အဖြစ် ဩစတြေးလျတင်းနစ် ကစားသမား ဝယ်လ်တန်က ရုရှားတင်းနစ်ကစားသမား မျက် ဒဗျက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဝယ်လ်တန်က (၆-၇၊ ၆-၄၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယ အဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမပွဲငယ်၌သာ အကြိတ် အနယ်ကစားခဲ့ရပြီး ဒုတိယပွဲငယ် နှင့် တတိယပွဲငယ်တို့တွင် ဝယ်လ်တန်က ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

မျက်ဒဗျက်အတွက် ယခုနှစ် တင်းနစ်ရာသီသည် စိတ်ပျက် ဖွယ်ရာ ရာသီတစ်ခုဖြစ်နေပြီး အောင်မြင်မှု မရသည့်အပြင် ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲများ တွင်လည်း ပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရသည့် အခြေအနေ များဖြင့် ရင်ဆိုင်နေရသည်။

မျက်ဒဗျက်သည် ဝယ်လ်တန် အားရှုံးနိမ့်ခဲ့သည့်အတွက် ကမ္ဘာ့ အဆင့် ရပ်တည်ချက်မှာလည်း အဆင့် ၈၅ နေရာထိ ကျဆင်းခဲ့ရ ခြင်းဖြစ်သည်။

ဝယ်လ်တန်က “မျက်ဒဗျက် လိုပြိုင်ဘက်မျိုးကို အနိုင်ကစား နိုင်ခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီပွဲစဉ်မှာ ကျွန်တော့်အနေနဲ့လဲ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒီဖွမ်းဆောင်ရည်ကို ဆက်လက် ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည် ပါတယ်”ဟု ပြောကြားခဲ့သည်။

ဝယ်လ်တန်သည် တတိယ အဆင့်တွင် ချက်တင်းနစ်ကစား သမားလီဟက်ကာနှင့် ယှဉ်ပြိုင် ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ဂျပန်လက်ဝှေ့သမားဟီရိုမာဆာ ဦးခေါင်းဒဏ်ရာကြောင့် သေဆုံးခဲ့ကြောင်း WBO အဖွဲ့ချုပ်ထုတ်ပြန်

တိုကျို ဩဂုတ် ၁၁

ပွာတိုရီကိုနိုင်ငံတွင် အခြေ စိုက်သည့် WBO အဖွဲ့ချုပ်သည် ဩဂုတ် ၂ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သော လက်ဝှေ့ပွဲတော်၌ ပါဝင်ယှဉ်ပြိုင် ခဲ့သည့် လိုက်ဝိတ်တန်းမှ ဂျပန် လက်ဝှေ့သမား ဟီရိုမာဆာသည် ဦးခေါင်းဒဏ်ရာကြောင့် ဩဂုတ် ၁၀ ရက်တွင် ဆေးရုံ၌ သေဆုံး ခဲ့ကြောင်း ယနေ့တွင် အတည်ပြု ခဲ့သည်။

ဟီရိုမာဆာသည် ဂျပန် လက်ဝှေ့သမား တစ်ဦးဖြစ်သူ ဆိုင်တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်း ဖြစ်ပြီး ထိုးသတ်စဉ် ဦးခေါင်း ဒဏ်ရာရရှိခဲ့ကာ ဆေးရုံသို့အရေး ပေါ်ပို့ဆောင်ခဲ့ပြီး ဆေးကုသမှု ခံယူခဲ့ရသည်။

ဩဂုတ် ၂ ရက်က ဟီရိုမာဆာ တို့ပွဲစဉ်နှင့်အတူ ထိုးသတ်ခဲ့သည့် အခြားသောပွဲစဉ်တစ်ပွဲမှ ကိုတာရီ သည်လည်း ဟီရိုမာဆာနှင့် အတူ ဦးခေါင်းဒဏ်ရာကြောင့်ပင် ဆေးရုံတွင် ဆေးကုသမှုခံယူ ခဲ့ရပြီး ဩဂုတ် ၉ ရက်က သေဆုံး ခဲ့သည်။

WBO အဖွဲ့ချုပ် အနေဖြင့် ရက်သတ္တပတ်အတွင်း ဂျပန် လက်ဝှေ့သမားနှစ်ဦး အသက် ဆုံးရှုံးခဲ့ရခြင်းအပေါ် ဝမ်းနည်း ကြောင်းကို သဝဏ်လွှာထုတ်ပြန် ခဲ့သည်။

WBO အဖွဲ့ချုပ်က “ဂျပန်နိုင်ငံ တိုကျိုမြို့ ရာကူအန်ခန်းမမှာ ကျင်းပပြုလုပ်ခဲ့တဲ့ လက်ဝှေ့ပြိုင်ပွဲ ကြီးမှာ လိုက်ဝိတ်တန်းစိန်ခေါ်ပွဲ တစ်ပွဲအဖြစ် ဟီရိုမာဆာနဲ့ ဆိုင်တို တို့ထိုးသတ်ခဲ့ပါတယ်။ ဒီပွဲစဉ်မှာ ဟီရိုမာဆာဟာ ဦးခေါင်းပြင်းထန် စွာ ဒဏ်ရာရရှိခဲ့တယ်။ ဒီဒဏ်ရာ ကြောင့် ဩဂုတ် ၁၀ ရက်မှာ သေဆုံးခဲ့ပါတယ်။ အဖွဲ့ချုပ်အနေ နဲ့ အသက်ဆုံးရှုံးခဲ့ရတဲ့ လက်ဝှေ့ သမားမိသားစုနဲ့ ထပ်တူဝမ်းနည်း မိပါတယ်။ ရက်သတ္တပတ်အတွင်း လက်ဝှေ့သမား နှစ်ယောက်ကို ဆုံးရှုံးခဲ့ရတယ်။ မိသားစုဝင်တွေ ဘယ်လောက်ထိ ပူဆွေးသောက ရောက်နေမလဲဆိုတာ ကိုယ်ချင်း စာပါတယ်။ ဂျပန်လက်ဝှေ့လောက အတွက်လဲ စိတ်မကောင်းစရာ ဖြစ်ရပ်တွေပါ” ဟု ရေးသားဖော်ပြ ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL

# Thailand International Challenge ကြက်တောင်ပြိုင်ပွဲကို သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာ့လက်ရွေးစင်ကြက်တောင် အားကစားမယ် သက်ထားသူဇာ သည် ဩဂုတ် ၁၂ ရက်၌ စတင် ကျင်းပမည့် Thailand International Challenge ကြက်တောင် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

Thailand International Challenge ကြက်တောင်ပြိုင်ပွဲကို ထိုင်းနိုင်ငံ နာခွန်ရာချာစီမာမြို့ တွင် ဩဂုတ် ၁၂ ရက်မှ ၁၇ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာ့ လက်ရွေးစင် ကြက်တောင်




အားကစားမယ် သက်ထားသူဇာ သည်အမျိုးသမီးတစ်ဦးချင်း ပထမ အဆင့်ဖြစ်သည့် ၆၄ ဦး အဆင့်၌ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် သက်ထား သူဇာသည် ၆၄ ဦးအဆင့်၌ ကမ္ဘာ့ အဆင့်၁၀၈၇ ရှိ အိန္ဒိယ ကြက်တောင်မယ်နဲ့ စတင်ယှဉ်ပြိုင် ရမည်ဖြစ်သည်။

သက်ထားသူဇာသည် ၆၄ ဦး အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပါက ဒုတိယအဆင့်ဖြစ်သည့် ၃၂ ဦး အဆင့်တွင် ဂျပန်ကြက်တောင်မယ် နှင့် အိမ်ရှင်ထိုင်းကြက်တောင်မယ် တို့ပွဲမှ အနိုင်ရရှိလာမည့်သူနှင့် ဆက်လက် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

STA

# မန်စီးတီးအသင်းက ကစားသမားဟောင်း ပယ်မာကို ပြန်လည်ခေါ်ယူရန်ကြိုးပမ်း

မန်ချက်စတာ ဩဂုတ် ၁၁

မန်စီးတီးအသင်းသည် အသင်း တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ချဲလ်ဆီးအသင်းမှ ကစားသမား ဟောင်းတစ်ဦးဖြစ်သည့် ပယ်မာ ကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်း နေကြောင်း သိရသည်။

ပယ်မာသည် မန်စီးတီးအသင်း အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်သော်လည်း မန်စီးတီး အသင်းတွင် ကစားခွင့်မရရှိသည့် အတွက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က မန်စီးတီးအသင်းမှ ချဲလ်ဆီး အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်သည်။

ပယ်မာသည် ချဲလ်ဆီးအသင်း သို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်း ဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ PFA တစ်နှစ်တာအကောင်းဆုံးကစား သမားဆုကို ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။

အလားတူပြီးခဲ့သည့်ဘောလုံး ရာသီကလည်း အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင် ခဲ့ကာ အသင်းကွင်းလယ်ပိုင်းတွင် ဂိုးဖန်တီးမှုအများအပြား ပြုလုပ်နိုင် သည့်အပြင် ကိုယ်တိုင်ဂိုးသွင်းအား လည်း ကောင်းမွန်သည့်အတွက် မန်စီးတီးအသင်းက ခေါ်ယူရန်ပြန် လည်ကြိုးပမ်းနေခြင်းဖြစ်သည်။

ပယ်မာကို မန်စီးတီးအသင်း အပြင် ဝီအက်စ်ဂိုအသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေသည့် အတွက် ချဲလ်ဆီးအသင်းက ပြောင်း ရွှေ့ကြေးကို ယူရို သန်း ၂၅၀ထိ သတ်မှတ်ထားကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ဆုလတ်မေ

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်ကြွယ်ဝပြီး စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန် အထူးလိုအပ်သည်။ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဆိုသည့် ဆောင်ပုဒ်သည် ပြည်တွင်းထုတ်လုပ်မှုများကို မြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

နိုင်ငံ့စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍသုံးရပ်ရှိသည့်အနက် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးသည် အရေးကြီးဆုံးအချက်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဦးတည်ချက် (၄) ရပ်ချမှတ်ဆောင်ရွက်ရာတွင် ဒုတိယအချက်ဖြစ်သည့် **"နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ( Agro- based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"**ဟူ၍ ပါရှိသည်။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးသည် အဓိကကျသည့်အချက်ဖြစ်သည်။ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ နိုင်ငံစီးပွား တိုးတက်မြင့်မားရေးတို့အတွက် ပြည်သူအားလုံးက အမှန်တကယ်အလုပ်လုပ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မြေသား၊ ရေသယံဇာတပေါကြွယ်သည့် နိုင်ငံဖြစ်သည့်အတွက် အလုပ်လုပ်လျှင် လုပ်နိုင်သလောက် အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ အမှန်တကယ်အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရမည်ဖြစ်သည်။

**နိုင်ငံတော်တိုးတက်ရေး ပြည်တွင်းထုတ်လုပ်မှုကို ဦးစားပေး**

မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်ဖွံ့ဖြိုးရေးအတွက် လယ်ယာ၊ စက်မှု၊ လက်မှုနှင့်အခြားကုန်ထုတ်လုပ်ငန်းများကိုတိုးချဲ့ပြီး ပြည်တွင်းသုံးပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရန်လိုအပ်သည်။ ပြည်ပမှတင်သွင်းကုန်များအပေါ် မှီခိုမှုလျှော့ချကာ ပြည်တွင်းထုတ်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် နိုင်ငံ့ငွေကြေးအပ်နှံမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ နိုင်ငံသားတိုင်းကလည်း မိမိတို့နိုင်ငံ၏ ထုတ်ကုန်များကို ဦးစားပေးဝယ်ယူသုံးစွဲခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြည်ပကုန်ပစ္စည်းများထက် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပိုမိုရွေးချယ်ဝယ်ယူခြင်းဖြင့် ဒေသခံလုပ်ငန်းရှင်များ၏ စီးပွားရေးတိုးတက်မှုကို အားပေးရာရောက်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုအား မြှင့်တင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ အစိုးရအနေဖြင့် စက်မှုဇုန်များ တည်ထောင်ခြင်း၊ အတိုးနှုန်းများသက်သာစွာဖြင့် ချေးငွေများရယူစေခြင်း၊ နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု**

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဤကဏ္ဍများသည် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်တိုးတက်ရေးတို့အတွက် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။ ထို့ပြင် စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆီထွက်သီးနှံ စိုက်ပျိုးနိုင်သည့် နေရာများတွင် နေကြာကို ယခုစိုက်ပျိုးမှုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

❖နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဆိုသည့်အတိုင်း ပြည်တွင်းထုတ်လုပ်မှုများ တိုးတက်လာစေရန် နိုင်ငံသားတိုင်း ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ ပြည်တွင်းထုတ်ကုန်များ ပိုမိုကောင်းမွန်လာပါက နိုင်ငံတော်၏ စီးပွားရေးသည်လည်း ပိုမိုတည်ငြိမ် ခိုင်မာကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ကုန်ထုတ်လုပ်မှုများ မြင့်တက်လာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ❖

အလားတူ မွေးမြူရေးလုပ်ငန်းသည်လည်း ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ကျယ်ပြန့်စွာလုပ်ကိုင်ကြပြီး နိုင်ငံအတွက်လိုအပ်သည့် အသားနှင့် နို့ထွက်ပစ္စည်းများ ဖူလုံရေးအတွက် အရေးပါလျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းများတွင် အဓိကအဖြစ် နွား၊ ကြက်၊ ဝက်ကိုလည်းကောင်း ရေချိုနှင့် ရေငန်ငါးများကို စီးပွားဖြစ်လည်းကောင်း မွေးမြူကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ စိန်ခေါ်မှုများအဖြစ် မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည့် ရာသီဥတုပြောင်းလဲခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှုအနေဖြင့် ကျေးလက်ဒေသများတွင် ထုတ်ကုန်များ ဈေးကွက်သို့ရောက်ရှိရန် အခက်အခဲရှိခြင်း၊ တောင်သူများအတွက် ခေတ်မီနည်းပညာနှင့် ငွေကြေး အထောက်အပံ့များလိုအပ်ခြင်း စသည်များကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

သို့ဖြစ်ရာ အနာဂတ်တွင် နိုင်ငံ့ဖွံ့ဖြိုးရေးလမ်းညွှန်အဖြစ် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အရည်အသွေးမြှင့်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခြင်း၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများကို နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်ဖော်ဆောင်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံ့စီးပွားရေးတည်ငြိမ်မှုအတွက် အခြေခံအုတ်မြစ်အဖြစ် ဖြစ်ပေါ်လာမည်ဖြစ်သည်။

ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင် ၃၁ ရက်က ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၃/၂၀၂၅)တွင် ရှင်းလင်းပြောကြားရာ၌ မိမိတို့တာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလအတွင်း ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ပဲမျိုးစုံစိုက်ပျိုးမှု၊ အသားငါးထုတ်လုပ်မှုများကို နှစ်အလိုက် တိုးတက်မှုရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်းအဓိကသီးနှံအဖြစ်သတ်မှတ်ထားသည့် သီးနှံ (၁၀) မျိုးတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည် ယခင်အစိုးရလက်ထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ရငွေကျပ် ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိရာမှ မိမိတို့အစိုးရကာလ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ရငွေကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံအထိ တိုးတက်ရရှိခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**MSME ကဏ္ဍ၏ အရေးပါမှု**

MSME ဆိုသည်မှာ အနည်းငယ်သောအရင်းအနှီးဖြင့် စတင်လုပ်ကိုင်နိုင်သည့် စီးပွားရေးလုပ်ငန်းငယ်များဖြစ်ပြီး နိုင်ငံတကာတွင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်သဖွယ် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ မြန်မာနိုင်ငံတွင်လည်း MSME လုပ်ငန်းများသည် အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုခြင်းနှင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်စေခြင်းတို့အတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ MSME လုပ်ငန်းများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ယနေ့ခေတ်ကမ္ဘာကြီးသည် အရာရာတွင် တိုးတက်မှုအပေါင်းနှင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ လူသားတို့၏ တီထွင်ကြံဆမှုကြောင့် အသစ်အသစ်တို့သည်အဆက်မပြတ်ဖြစ်ပေါ်နေလျက်ရှိရာ စီးပွားရေးလုပ်ငန်းများသည်လည်း နည်းပညာသစ်များဖြင့် တိုးတက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလှသည့် အခန်းကဏ္ဍ၌ ပါဝင်နေသည်။ မြန်မာနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ပြီး တွန်းအားပေးပံ့ပိုးကူညီမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ MSME လုပ်ငန်းများ၏ မတူညီသည့်အတွေးအခေါ်များ၊ ဆန်းသစ်တီထွင်မှုများနှင့်အတူဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုပါ ဖန်တီးပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု အခြေအနေများဖြစ်သည့် ပြည်ပတင်ပို့မှု၊ တင်သွင်းမှုပမာဏများသည် နိုင်ငံ၏စီးပွားရေးအပေါ် များစွာသက်ရောက်မှုရှိသည်။ တင်ပို့မှု၊ တင်သွင်းမှုကွာဟချက် သို့မဟုတ် သွင်းကုန်သည် ပို့ကုန်ထက်များပြားနေပါက တိုင်းပြည်စီးပွားရေးတွင် Trade deficit အနုတ်လက္ခဏာကိုသာ မြင်ရမည်ဖြစ်သည်။ ကျေးလက်ဒေသနေ တိုင်းပြည်၏ ထုတ်လုပ်မှုအင်အားစုသည် ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သစ်တောသယံဇာတပေါများ ကြွယ်ဝသော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြည်ပပို့ကုန်ထက် ပြည်ပတင်သွင်းမှုပမာဏ များပြားလျက်ရှိသည်။ မြန်မာ့လူ့အဖွဲ့အစည်းရှိ လူမှုဘဝအများစု၏ ၉၉ ရာခိုင်နှုန်းခန့်သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အများစုအပေါ်တွင် ရပ်တည်နေရပြီး ၎င်းသည် နိုင်ငံ့စီးပွားရေး ယန္တရားတွင် အဓိကမောင်းနှင်အား တစ်ခုဖြစ်သည်။

ပြည်တွင်း၌ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ အများဆုံးပါဝင်နေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများ၏အခြေအနေကို လေ့လာကြည့်မည်ဆိုပါက အကြီးစားစီးပွားရေးလုပ်ငန်းများထက် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) များက များစွာအထောက်အကူပြုနေသည်ကို တွေ့ရမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျောရိုးမဏ္ဍိုင်တစ်ခုဖြစ်ပြီး အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးအားကောင်းလာစေရန်အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင် ကူညီဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဆိုသည့်အတိုင်း ပြည်တွင်းထုတ်လုပ်မှုများ တိုးတက်လာစေရန် နိုင်ငံသားတိုင်း ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ ပြည်တွင်းထုတ်ကုန်များ ပိုမိုကောင်းမွန်လာပါက နိုင်ငံတော်၏ စီးပွားရေးသည်လည်း ပိုမိုတည်ငြိမ်ခိုင်မာကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ကုန်ထုတ်လုပ်မှုများ မြင့်တက်လာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်အောင်မြင်မြင်လုပ်ကိုင်နိုင်ရန် ရေ၊ မြေ၊ ရာသီဥတု စသောအခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေကို ကောင်းစွာပြုပြင်ပြီး လိုအပ်သည့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများအပြည့်အဝ အသုံးပြုခြင်း၊ စိုက်ပျိုးရေကို သီးနှံ၏လိုအပ်ချက်နှင့်အညီ ပေးဝေခြင်း၊ မိရိုးဖလာစိုက်ပျိုးနည်းများအစား ခေတ်မီနည်းပညာများကို အသုံးပြုခြင်းဖြင့် သီးနှံများအထွက်တိုးလာမည်ဖြစ်ရာ တောင်သူများလည်း ဝင်ငွေတိုးလာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုများ တိုးတက်လာပါက လုပ်ငန်းများလုပ်ကိုင်နေကြသည့် ပြည်သူတစ်ဦးချင်းစီ၏ဝင်ငွေသည် တိုးတက်လာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ

# အာခါတိုင်းရင်းသားတို့၏ အာခါရိုးရာ ဒန်းစီးပွဲတော်ကို မိုင်းဆတ်မြို့နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်



(၁၄) ကြိမ်မြောက် အာခါရိုးရာဒန်းစီးပွဲတော်ကို တွေ့ရစဉ်။

ကျိုင်းတုံ ဩဂုတ် ၁၁

အာခါတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်ဖြစ်သည့် အာခါရိုးရာ ဒန်းစီးပွဲတော်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် (၁၅) ကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အာခါတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရှမ်းပြည်နယ်)မှ သိရသည်။

အဆိုပါ (၁၅) ကြိမ်မြောက် အဖြစ်ကျင်းပမည့် အာခါရိုးရာ ဒန်းစီးပွဲတော်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မိုင်းတွင်းတောင် ပေါ်အုပ်စု ဦးဖုဒ္ဒေကျေးရွာတွင် ဩဂုတ် ၁၂ ရက်မှ စတင်ကာ ဩဂုတ် ၁၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

"(၁၅)ကြိမ်မြောက် အာခါရိုးရာ ဒန်းစီးပွဲတော်ကို ဩဂုတ်လ ၁၂ ရက်မှ ၁၄ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်ကို အာခါလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းဖို့နဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်"ဟု အာခါတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဦးမင်းညိုက ပြောပြသည်။

အာခါတိုင်းရင်းသား လူမျိုးတို့တွင် ကိုးကွယ်ယုံကြည်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတွင် ရာသီအလိုက် ကျင်းပပြုလုပ်ရမည့် ထုံးတမ်းစဉ်လာများရှိကြပြီး "ခါးထောင်းဖား"ခေါ် နှစ်သစ်ကူး၊" ရဲခူအဖွေ " ခေါ် ဒန်းစီးပွဲတော်တို့သည် ထင်ရှား၍ အာခါတိုင်းရင်းသားတို့နှင့်အတူတကွ လူမျိုးဘာသာမရွေး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်သော ရိုးရာပွဲတော်များဖြစ်ကြောင်း အာခါတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ ခေါင်းဆောင် ဦးမင်းညိုက ပြောပြ၍ သိရသည်။

ASH

# The Leading Man ဇာတ်ကား၌ မင်းသား ကီဗင်ဟတ်နှင့် ဂျွန်စီနာတို့ ပါဝင်မည်

နယူးယောက် ဩဂုတ် ၁၁

Netflix ရုပ်ရှင်ကုမ္ပဏီ၏ The Leading Man အမည်ရှိ ဟာသ အက်ရှင် ဇာတ်ကားသစ်တွင် မင်းသား ကီဗင်ဟတ်နှင့် ဂျွန်စီနာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

The Leading Man ဇာတ်ကားသည် ကိုယ့်အတွက်သာကိုယ် ကြည့်တတ်သော နာမည်ကျော် ရုပ်ရှင်မင်းသားတစ်ဦးနှင့် လက်တွေ့ဘဝတွင်လည်း ထောက်လှမ်းရေးသမားတစ်ဦးဖြစ်နေသည့် တွဲဖက်သရုပ်ဆောင်တစ်ဦးတို့၏ စွန့်စားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် အဆိုပါ ဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာကို Netflix ရုပ်ရှင်ကုမ္ပဏီက ရှာဖွေနေဆဲဖြစ်သည်။

မင်းသား ကီဗင်ဟတ်နှင့်ဂျွန်စီနာတို့သည် အဆိုပါ ဇာတ်ကား၏ ထုတ်လုပ်သူများ အဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

လက်ရှိတွင် The Leading Man ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တစ်ခါက ရန်ကုန်မြို့ပြ ရုပ်ရှင်ဇာတ်ကားကို Mahar Application မှ ထုတ်လွှင့်ပြသမည်

ရန်ကုန် ဩဂုတ် ၁၁

ဝင်းဝင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် တစ်ခါကရန်ကုန်မြို့ပြ Once Upon A Time In Yangon ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ တတိယပတ်ခန့်တွင် Mahar Application မှ HD Quality ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ဖန်တီးရိုက်ကူးသူ ဒါရိုက်တာ ညီမြင့်လွင်ထံမှ သိရသည်။

အဆိုပါ တစ်ခါကရန်ကုန်မြို့ပြ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ညီမြင့်လွင်နှင့် သားထိုက်တို့က ရေးသားထားပြီး ဒါရိုက်တာအဖြစ် ဒါရိုက်တာ ညီမြင့်လွင်ကပင် ဝင်းဝင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဖန်တီးရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ၂၀၂၃ အောက်တိုဘာလတုန်းက ရုံတင်ပြသထားတဲ့ ရုပ်ရှင်ဇာတ်ကား




ဖြစ်ပါတယ်။ မဟာက ပြန်လည်ထုတ်လွှင့်ပေးမှာပါ။ ဒီဇာတ်ကားမှာ လူမိုက်ကြီးတွေ ခံယူချက်ခြင်းတူကြတဲ့အတွက် စုစည်းသွားတဲ့အခါ ညီအစ်ကိုစိတ်ဓာတ်တွေနဲ့ တစ်ယောက်ကိုတစ်ယောက် တစ်ဖွဲ့လုံးက မခံတဲ့တုံ့ပြန်မှုတွေ လုပ်ကြတဲ့အခါ ဘယ်လိုတွေဆက်ဖြစ်မလဲ ဆိုတာကတော့ တစ်ခါက ရန်ကုန်မြို့ပြ ရုပ်ရှင်ဇာတ်ကားမှာ ဆက်လက်ရှုစားကြပါ"ဟု ဒါရိုက်တာ ညီမြင့်လွင်က ပြောပြသည်။

အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် လူမင်း၊ တိုင်းရွှန်း၊ ဘုဏ်းသိုက်၊ ညီထွဋ်ခေါင်၊ စွမ်း၊ ကောင်းမြတ်စံ၊ အောင်လေး၊ ထူးခြား၊ မင်းခ၊ ဖွဲ့နိုင်ဝင်း၊ မိုးဟေကို၊ ဘောဘီမောင်၊ ဖုန်းသီရိကျော်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

# တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ကျောက်တံတားမြို့နယ် Strand Hotel တွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် ဩဂုတ် ၁၁

တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော် တေးဂီတ ဖျော်ဖြေပွဲကို Comeback Strand Rock Night အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Strand Hotel ၌ ဩဂုတ်၂၃ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ Comeback Strand Rock Night တေးဂီတ ဖျော်ဖြေပွဲကို စီစဉ်သည့် Radio Entertainment Group မှ သိရသည်။

တေးသံရှင်လေးဖြူ၏ Comeback Strand Rock Night တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Strand Hotel ballroom တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် လေးဖြူ၏ သီဆိုဖျော်ဖြေမှုများကို Radio Entertainment တေးဂီတအဖွဲ့က အကောင်းဆုံးတီးခတ်ပံ့ပိုးကူညီပေးသွားမည် ဖြစ်သည်ဟု သိရသည်။

"ဩဂုတ် ၂၃ ရက် စနေနေ့ည Strand Hotel မှာရှိပါမယ်။ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ အားလုံးကိုလာစေချင်ပါတယ်။ ဒီလောက်ပါပဲ" ဟု တေးသံရှင် လေးဖြူက ပြောပြသည်။

အဆိုပါ တေးသံရှင် လေးဖြူ၏ Comeback Strand Rock Night တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၂၃ ရက် စနေနေ့ည ၇ နာရီတွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Final Destination-7 ဇာတ်ကား ဆက်လက်ရိုက်ကူးရန် New Line ပြင်ဆင်

နယူးယောက် ဩဂုတ် ၁၁

Final Destination-7 ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရေးအတွက် New Line ရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

Final Destination-7 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လိုရီအီဗန်စ်တေလာက ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မေလအတွင်း ဆဋ္ဌမမြောက် Final Destination ဇာတ်ကားဖြစ်သည့် Final Destination Bloodlines ဇာတ်ကားကို ရုံတင်ပြီးနောက် သတ္တမမြောက် Final Destination ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် New Line ကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်သည်။

Final Destination Bloodlines ဇာတ်ကားကို ဒါရိုက်တာ ဇက်လီပေါ့စကီနှင့် အဒန်ဘီစတိန်းတို့က ရိုက်ကူးပေးခဲ့ပြီး မင်းသား တိုနီတော့၊ ရစ်ချက်ဟာမွန်၊ မင်းသမီး ဘရက်ဘက်ဆင်ဂါတို့ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားသည် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၅ သန်းထိ ရရှိထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# State Funeral of Pro Tem President of the Republic of the Union of Myanmar U Myint Swe held



State Funeral of Pro Tem President U Myint Swe in progress.

**Nay Pyi Taw August 11**

State Funeral of Pro Tem President of the Republic of the Union of Myanmar U Myint Swe was held at Nyein Aye Zayat at the Military Hospital in Nay Pyi Taw and the Military Cemetery (Nay Pyi Taw) this afternoon, attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services of the Republic of the Union of Myanmar Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Sayadaws led by Secretary of State Sangha Maha Nayaka Committee Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi pariyati school Agga Maha Pandita Agga Maha Saddhamma Jotiladhaja Maha Dhamma Kahtika BahujanaHitadhara Bhaddanta Vaselabhivamsa, President (Retired) U Thein Sein, Vice Presidents (Retired) Thiha Thura Tin Aung Myint Oo and U Nyan Tun, Vice Chairman of the Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, retired senior military officers, member of the Commission Prime Minister and Union Minister for National Planning U Nyo Saw and wife, Commission members and wives, the Commission Secretary and wife, union level dignitaries, union ministers and wives, retired union level dignitaries and union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief,members of social organizations, the wife and family members and relatives of the late Pro Tem President U Myint Swe, invited guests and members of religious association also attended the funeral.



Senior General Min Aung Hlaing and Daw Kyu Kyu Hla pay tribute to the remains of Pro Tem President U Myint Swe.

First, the remains of Pro Tem President were conveyed to the funeral parlour where they would be conveyed in a military procession. President (Retired) U Thein Sein, Vice Presidents (Retired) Thiha Thura Tin Aung Myint Oo and U Nyan Tun, retired senior military officers, the Vice Chairman of the Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General and wife, union level dignitaries, Commission members and wives, senior military officers from Office of Commander-in-Chief and family members of the late Pro Tem President U Myint Swe paid tribute to the remains.

Afterward, the Chairman of State Security and Peace Commission and Commander-in-Chief of Defence Services and wife arrived at the Nyein Aye Zayat, where the remains of Pro Tem President U Myint Swe would be placed, and paid tribute tothe remains.

The Senior General and wife then warmly consoled Daw Khin Thet Htay and family members of the late Pro Tem President.

The Senior General and wife and mourners received the Five Precepts from SSMNC Secretary Sayadaw and revered the religious sermons recited by the monks.

The wife and family members of the late Pro Tem President presented robes and other donations to the Sayadaws.

SSMNC Secretary Sayadaw delivered a sermon and the bereaved family and the Senior General and wife and attendees shared the merits gained.

The wife and family members of the late Pro Tem President paid tribute to the remains of U Myint Swe once more.

Eight Union Ministers conveyed the remains onto the artillery carrier to send it to the Military Cemetery (Nay Pyi Taw). Meanwhile, the Guard of Honour saluted the remains and conducted other funeral conveyance procedures.

The artillery carrier conveying the remains of late Pro Tem President U Myint Swe and the convoy of the State funeral service left Nyein Aye resthouse of the Defence Services General Hospital of Nay Pyi Taw to the Tatmadaw Military Cemetery (Nay Pyi Taw), followed by the Senior General and his wife, the Vice-Senior General and his wife, Commission members and their wives, Daw Khin Thet Htay who is wife of late Pro Tem President U Myint Swe and family members, relatives, Union-level dignitaries, Union ministers and their wives, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, departmental officials, guests and religious associations.



Tribute being paid to the remains of Pro Tem President U Myint Swe.



Tribute being paid to the remains of Pro Tem President U Myint Swe.

The artillery carrier carrying the remains of late Pro Tem President U Myint Swe and the convoy of the State funeral service rolled along

*See Page 13*



President (Retired) U Thein Sein pays tribute to the remains of Pro Tem President U Myint Swe.



Senior General Min Aung Hlaing reads out the gazette order of the National Defence and Security Council.



Tribute being paid to the remains of Pro Tem President U Myint Swe.



Tribute being paid to the remains of Pro Tem President U Myint Swe.



Tribute being paid to the remains of Pro Tem President U Myint Swe.



Tribute being paid to the remains of Pro Tem President U Myint Swe.



Tribute being paid to the remains of Pro Tem President U Myint Swe.



Funeral procession in progress.

*From Page 12*

Pobbathiri circular road from Nyein Aye resthouse of the Nay Pyi Taw DSGH to the Military Cemetery (Nay Pyi Taw). Along the route, Tatmadaw members from Tatmadaw (Army, Navy and Air) and families, departmental personnel and people paid tribute and bowed in farewell as a mark of mourning.

When the convoy arrived at the Military Cemetery (Nay Pyi Taw), the remains was conveyed to the ceremonial area with the military parade, followed by the wife of the late Pro Tem President and family members, the Senior General and his wife, the Vice-Senior General and his wife,

*See Page 14*

# Farmers harvest 100 per cent of summer sesame in Shwebo District


Farmers harvesting summer sesame in a field.

**Shwebo August 11**

Local farmers have so far harvested all sown acreage of summer sesame in Shwebo District of Sagaing Region, according to the district Agriculture Department.

During this year's summer crop season, a total of 66,103 acres of summer sesame were cultivated in Shwebo District. Harvesting began in May, and as of now, all cultivated acreage has been fully harvested. The average yield was 17.44 baskets per acre.

"This year, in Shwebo District, we managed to cultivate 66,103 acres of summer sesame. At present, 100% of the sesame fields have been harvested. We also carried out efforts to expand sesame cultivation, improve yields, and promote cultivation practices using GAP (Good Agricultural Practices)," said Daw Zaza Min, Deputy Director of the Shwebo District Department of Agriculture.

By township, the harvested acreage in Shwebo District this year were 1,349 acres in Shwebo Township, 583 acres in KhinU Township and 64,171 acres in Wetlet Township, totalling 66,103 acres.

This year, relevant township agriculture departments provided education and support to farmers cultivating summer sesame in Shwebo District. The support included guidance on expanding cultivation, applying systematic farming methods and GAP techniques, using quality and pure seeds, and choosing high-yielding varieties.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 200,000 acres of pulses and beans grown in Kanbalu Township

**Kanbalu August 11**

A total of 207,303 acres of croplands have been placed under pluses and beans in Kanbalu Township of Sagaing Region during the monsoon this year, according to the township Agriculture Department.

Local authorities earmarked cultivation of 209,357 acres of pulses and beans in Kanbalu Township in 2025-26 cultivation season, but local farmers planted 207,303 acres of crops against the target cultivation.

"This monsoon crop season, we have targeted a total of 209,357 acres for the cultivation of various types of pulses in Kanbalu Township. As of today, 207,303 acres have already been cultivated. We are continuing efforts to fully meet the target acreage.

In connection with pulse cultivation, educational programs are being conducted to encourage farmers to expand cultivation and to use quality and pure seeds in order to achieve better yields," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

As of now in the 2025-2026 monsoon season, a total of 207,303 acres of various pulses have been planted in Kanbalu Township. This includes 80,926 acres of green gram, 123,366 acres of pigeon pea, 2,225 acres of Blue phaseolus, 777 acres of butter bean, and 9 acres of other pulses, totalling 207,303 acres.

For this season, local authorities earmarked cultivation of 90,594 acres of green gram, 800 acres of butter bean, 2,300 acres of Blue phaseolus, 115,660 acres of pigeon pea, and three acres of other beans, totalling 209,357 acres.

To ensure good yield and quality in this year's pulse cultivation, the Department of Agriculture is working in collaboration with farmers by providing quality and pure seeds, necessary inputs, and knowledge on post-harvest handling technologies. 206


A bean plantation.

# Farmers cultivate more than 30,000 acres of pigeon pea in Budalin Township

**Budalin August 11**

According to the agricultural data of the Budalin Township Agriculture Department of Sagaing Region, local farmers planted 30,490 acres of pigeon pea as monsoon crops in Budalin Township this year.

In the 2025-2026 monsoon crop season, it is estimated that 34,500 acres of pigeon pea will be cultivated in Budalin Township. Starting from this May, cultivation has begun, and as of today, 30,490 acres have already been planted.

"The target for pigeon pea cultivation in Budalin Township this monsoon season is over 34,000 acres. So far, more than 30,400 acres have been cultivated. Efforts are being made to meet the target acreage, and we are also working to ensure good yield outcomes. Pigeon peas are grown both as a sole crop and as an intercrop," said U Phyo Wai, Head of the Budalin Township Department of Agriculture.

This year, the Budalin Township Department of Agriculture is providing field-based technical assistance to farmers cultivating pigeon peas. This includes guidance on selecting quality and pure seeds, proper cultivation methods, pest and disease prevention, and achieving good yields.

Officials of the Township Agriculture Department demonstrated the making process of natural fertilizers and pesticides in order to cut agricultural cost of farmers.

206

*From Page 13*

Union-level dignitaries and their wives, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, officials from relevant organizations and guests.

Eight Union Ministers conveyed the remains of Pro Tem President U Myint Swe onto the hearse platform.

The Senior General, the Vice-Senior General, Union-level dignitaries and senior Tatmadaw officers from the Office of the Commander-in-Chief took their positions, and the Tatmadaw Guard of Honour carried out the ceremonial procedures in accordance with the military parade protocol, presenting arms with lowered rifles in tribute and raised rifles in tribute.

The Chairman of the State Security and Peace Commission read out the gazette order of the National Defence and Security Council, after which the order was placed inside the coffin containing the remains of Pro Tem President U Myint Swe.

After that, the Tatmadaw Guard of Honour fired three rounds in salute, then, for the final time, presented arms with raised rifles and sounded the bugle in tribute.

Ambassadors from the Democratic People's Republic of Korea, Nepal, Thailand, Bangladesh, the Russian Federation, India, the United Arab Emirates, Sri Lanka, the People's Republic of China, and Laos, Chargés d'Affaires ad interim from Indonesia, the Philippines and Brunei, the First Secretary on behalf of the Vietnamese Ambassador and 16 military attachés from foreign military attaché offices to Myanmar paid tribute to the remains of late Pro Tem President individually.

After that, late Pro Tem President U Myint Swe's wife and family members paid their final respects, and the remains of late Pro Tem President U Myint Swe was placed into the cremation chamber for cremation.

Captain Kyaw Phone Myint (Retd), son of late Pro Tem President U Myint Swe, together with family memberscon-veyed the urn of late Pro Tem President U Myint Swe to the venue where the tomb will be built.

The Chairman of the Leading Organizing Committee for the State Funeral Service, the Vice-Chairman and members, senior Tatmadaw officers from the Office of the Commander-in-Chief and attendees observed the processes of keeping the urn into the tomb and closing the tomb.

Family members then paid final tribute to the tomb of late Pro Tem President U Myint Swe. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံ DAC က ကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ စစ်ဘက်ဝယ်ယူရေးဆိုင်ရာအဆိုပြုချက်ကို အတည်ပြုပေးခဲ့



အိန္ဒိယနိုင်ငံ ကာကွယ်ရေးပစ္စည်း ဝယ်ယူရေးကောင်စီ (DAC) သည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များ၏စွမ်းရည်မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ စစ်ဘက်ဝယ်ယူရေးဆိုင်ရာ အဆိုပြုချက်ကို အတည်ပြုပေးခဲ့ကြောင်း The Defense Post သတင်းဌာနက သြဂုတ် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသည် စစ်ဘက်ဆိုင်ရာစွမ်းရည်များကို ခေတ်မီအောင်ပြုလုပ်ရန်နှင့် ကိုယ်ပိုင်ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် အိန္ဒိယအစိုးရ၏ ဆက်လက်ကြိုးပမ်းမှုများအပေါ် အခြေခံထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် ယခင်ဘဏ္ဍာနှစ်ကထက် ကာကွယ်ရေးဘတ်ဂျက် ၉ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ကာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် စံချိန်တင် ကာကွယ်ရေးဘတ်ဂျက် ဒေါ်လာ ၇၈ ဘီလီယံကို အဆိုပြုပြီးနောက်ပိုင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။

DAC သည် အိန္ဒိယကြည်းတပ်၏ ဆိုဗီယက်ခေတ်ထုတ် BMP ခြေလျင်တိုက်ခိုက်ရေးယာဉ်များအတွက် Thermal Imager အပူပုံရိပ်ဖော် ညကြည့်ကိရိယာများကို ဝယ်ယူရန်လိုအပ်ကြောင်း အတည်ပြုပေးခဲ့သည်။

ဤအဆင့်မြှင့်တင်မှုက တိုက်ယာဉ်များ၏ ညအချိန်မောင်းနှင်နိုင်စွမ်းကို တိုးတက်စေပြီး ရွေ့လျားစစ်ကစားနိုင်စွမ်းကို မြှင့်တင်ပေးကာ အလင်းရောင်နည်းသော စစ်ဆင်ရေးများအတွင်း ယန္တရားတင်တိုက်ခိုက်ရေးတပ်ဖွဲ့များကို နည်းဗျူဟာမြောက် လှုပ်ရှားတိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။

အိန္ဒိယရေတပ်အတွက်မူ ရေအောက်ခြိမ်းခြောက်မှုများကို ထောက်လှမ်းရန်၊ ပစ်မှတ် စိစစ်ခွဲခြားသတ်မှတ်ရန်နှင့် ချေမှုန်းရန်အတွက် Compact Autonomous Surface Craft မောင်းသူမဲ့ရေယာဉ်ငယ်များကို ဝယ်ယူရန် အတည်ပြုပေးခဲ့သည်။ ထို့ပြင် ရေတပ်သည် BrahMos Fire Control Systems နှင့် ဒုံးပစ်လောင်ချာအသစ်များကို လက်ခံရရှိသွားမည်ဖြစ်ပြီး ၎င်း၏ အစ္စရေးဒီဇိုင်း Barak-1 လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုလည်း အဆင့်မြှင့်တင်ခွင့်ရရှိသွားမည်ဖြစ်သည်။

အိန္ဒိယလေတပ်အတွက်မြင့်မားသောတောင်ကုန်းတောင်တန်း ပေါ်များသည့် နယ်စပ်ဒေသများရှိ လေကြောင်းစောင့်ကြည့်မှုကို ခိုင်မာစေရန် တောင်ပေါ်ဒေသသုံး ရေဒါစနစ်များကို ဝယ်ယူရန်လည်း အတည်ပြုခဲ့သည်။ ထို့ပြင် SAKSHAM/SPYDER တာတို-တာလတ်ပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်အတွက် အဆင့်မြှင့်တင်ရေး စီမံကိန်းများကို သဘောတူ ခွင့်ပြုပေးခဲ့ပြီး ၎င်းစနစ်ကို လေတပ်ရှိ ပေါင်းစည်းကွပ်ကဲထိန်းချုပ်ရေးကွန်ရက်နှင့် ချိတ်ဆက်ကာတိုက်ပွဲဝင်အသင့်အနေအထားနှင့် လေကြောင်းရန်ကာကွယ်ရေးလွှမ်းခြုံမှုကို တိုးတက်ကောင်းမွန် စေမည်ဖြစ်သည်။

DAC သည် အိန္ဒိယကြည်း၊ ရေ၊ လေ တပ်ဖွဲ့များအတွက် အလယ်အလတ်အမြင့်ပျံ၊ လေထဲတွင်ကြာရှည်ပျံသန်းနိုင်သော (Medium Altitude Long Endurance-MALE)အမျိုးအစားဒရုန်းများကို ဝယ်ယူရန်လည်း သဘောတူခွင့်ပြုပေးခဲ့သည်။ ထို့ပြင် ကာကွယ်ရေးဝယ်ယူရေးကောင်စီသည် အဓိကကျသော မဟာဗျူဟာမြောက်စနစ်များအတွက်ထောက်ပံ့ရေးအစီအမံများကိုလည်း အတည်ပြုခဲ့ပြီး ၎င်းတွင် လေတပ် ၏ C-17 Globemaster III နှင့် C-130J Super Hercules စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်များအတွက် ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ရုရှားထုတ် S-400 အဆင့်မြင့်လက်နက်စနစ်အတွက် နှစ်စဉ်ကြံ့ခိုင်ထိန်းသိမ်းရေး ပြုလုပ်မှု စာချုပ်တစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

**India Greenlights $7B Defense Deals Across Army, Navy, and Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီတပ်မတော်က ပြည်တွင်းထုတ် Skyranger လေကြောင်းရန်ကာကွယ်ရေးလက်နက်များဝယ်ယူရန် စီစဉ်နေ

ဂျာမနီတပ်မတော်သည် ယခုနှစ်နှောင်းပိုင်းတွင် အမေရိကန်ဒေါ်လာ ၇ ဘီလီယံမှ ၉ ဘီလီယံတန်ဖိုးရှိ Skyranger လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်များကို ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Rheinmetall မှ ဝယ်ယူရန်စီစဉ်နေကြောင်း Defence Blog သတင်းဌာနက သြဂုတ်၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သတင်းလေ့လာသုံးသပ်သူများနှင့် ပြုလုပ်သော အစည်းအဝေးတစ်ခုတွင် Rheinmetall ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Armin Papperger က ဂျာမနီ ကာကွယ်ရေးဝန်ကြီးဌာနနှင့် သဘောတူညီထားမှုများကို ကိုးကား၍ တိကျသောပမာဏကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သည်။

လုံခြုံရေးအရ အရေအတွက်ပမာဏနဲ့ ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ဝယ်ယူမှုများကို ၂၀၂၆ ခုနှစ်နှင့် ပေးပို့မှုများကို ၂၀၃၅ ခုနှစ်တွင် အပြီးသတ်မည်ဟု မျှော်မှန်းထားကြောင်း Papperger က ပြောကြားခဲ့သည်။

ဂျာမနီတပ်မတော်သည် မြေပြင်အခြေစိုက် လေကြောင်းကာကွယ်ရေးစွမ်းရည်များကို အကြီးအကျယ် တိုးချဲ့ရန် စီစဉ်နေသည်။ တပ်ရင်း၊ တပ်ဖွဲ့များအားလုံးတွင် အနိမ့်ဆုံးအဆင့် ကြားဖြတ်တိုက်ခိုက်ဟန့်တားမှု အလွှာအတွက် Skyranger လေကြောင်းရန်ကာကွယ်ရေးစနစ် အစုံ ၅၀၀ မှ ၆၀၀ ထိ လိုအပ်နိုင်ကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

Rheinmetall ကုမ္ပဏီ သည် Skyranger 30 စနစ် ရှေ့ပြေးကနဦးပုံစံကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဂျာမနီတပ်မတော်ထံ လွှဲပြောင်းပေးခဲ့ပြီး အဆိုပါလက်နက်စနစ်များကို လာမည့် ၂၀၂၇ နှင့် ၂၀၂၈ ခုနှစ်များတွင် စတင်အသုံးပြုနိုင်မည်ဟု မျှော်မှန်းထားသည်။

Rheinmetall ၏ အဆိုအရ Skyranger 30 သည် ဂျာမနီ၏ တာတိုနှင့် တာနီး လေကြောင်းရန်ကာကွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။ ၎င်းစနစ်သည် ကိုယ်တိုင်လည်ပတ်နိုင်သကဲ့သို့ ကွန်ရက်ချိတ်ဆက်ထားသော လက်နက်စနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်း လုပ်ဆောင်နိုင်သည်။ ပရိုဂရမ် ထည့်သွင်းရေးသားနိုင်သည့် လေကွဲကျည် ခဲယမ်းများကိုအသုံးပြု၍ ဒရုန်းများကိုတိုက်ခိုက်ရန် အထူးထိရောက်မည်ဖြစ်သည်။



ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် ဆုံလည်ပတ်တွင် 30×173 mm KCE လေယာဉ်ပစ်အမြောက်၊ တာတိုပစ်မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်များနှင့် အာရုံခံကိရိယာ အစုံအလင်ပါရှိသည်။ ဂျာမနီတပ်မတော်အတွက် Rheinmetall သည် MBDA ကုမ္ပဏီထံမှ DefendAir ဒုံးကျည်ကိုပါ ပေါင်းစပ်ထည့်သွင်းမည်ဖြစ်ပြီး ၎င်းသည် ဒရုန်းရန် ကာကွယ်ရေးအတွက် ကုန်ကျစရိတ်နည်းသော ဖြေရှင်းချက်အဖြစ် အသုံးပြုရန် ရည်ရွယ်သည်။ Rheinmetall ကုမ္ပဏီ၏Skyranger လက်နက်စနစ်သည် ဒုံးကျည် ကိုးစင်းမှ ၁၂ စင်း ထိ ထည့်သွင်းနိုင်ပြီး အကွာအဝေး ၅ ကီလိုမီတာထိ ပစ်ခတ်နိုင်သည်။ DefendAir ဒုံးကျည်တီထွင်မှုကို ၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ်ကြားတွင်ပြီးစီးရန် စီစဉ်ထားပြီး ၂၀၂၉ ခုနှစ်တွင် အရည်အချင်းစစ်ဆေးမှုများ ပြီးစီးကာ ၂၀၃၀ ခုနှစ်တွင် စတင်ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Germany plans to buy 500+ Skyranger air defense systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေနှင့်မိသားစုများ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများက သံဝေဂကထာတရား နာကြားကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ရှစ်ဦးက အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်စဉ်။

ရှေ့ဖုံးမှအဆက်

အမျိုးသားစီမံကိန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အငြိမ်းစား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ရှစ်ဦးက အမြောက်ယာဉ်ပေါ်သို့သယ်ယူပို့ဆောင်နေမှုကို ကြည့်ရှုစဉ်။





ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်စျာပန အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ တက်ရောက်ကြစဉ်။

ဦးစွာ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွြင်းကျန်ရစ်သည့် ရုပ်ကလာပ်အား စစ်ရေးပြအခမ်းအနားဖြင့် ရုပ်ကလာပ် တင်ဆောင်မည့်နေရာသို့ သယ်ဆောင်ကြပြီး နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ ဒုတိယသမ္မတ (ငြိမ်း)များဖြစ်ကြသည့် သီဟသူရတင်အောင်မြင့်ဦးနှင့် ဦးဉာဏ်ထွန်း၊ အငြိမ်းစား အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ မိသားစုဝင်များက ကြည့်ရှုဂါရဝပြု



သံဃာတော် အရှင်သူမြတ်များအား ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ပြန်တမ်းအား ဖတ်ကြားစဉ်။

ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်စျာပနအခမ်းအနား ကျင်းပမည့် ငြိမ်းအေးဇရပ်သို့ ရောက်ရှိကြပြီး ငြိမ်းအေးဇရပ်အတွင်းရှိကလာပ်တွင် ပြင်ဆင်ထားရှိသည့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွြင်းကျန်ရစ်သော ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ဆိုပွားများချီးမြှင့်တော်မူကြသည့် "သဗ္ဗေသင်္ခါရာအနိစ္စာတိ" အစချီသည့် သံဝေဂသုံးဂါထာကို နာယူကြသည်။

၎င်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများသည် ကြွရောက်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများ၊နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ သံဝေဂကထာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွြင်းကျန်ရစ်သော ရုပ်ကလာပ်အား ထပ်မံကြည့်ရှုဂါရဝပြုကြသည်။

၎င်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွြင်းကျန်ရစ်သည့် ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ရှစ်ဦးက အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်လာရာ တပ်မတော် ဂုဏ်ပြုသေနတ်အဖွဲ့မှ နေရာယူ၍ သေနတ်မြောက်၍ အလေးပြုခြင်း၊ သက်ပျောက်ရွှေရေအိုးခွဲခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်တင်ဆောင်ထားသည့် အမြောက်ယာဉ်နှင့် နိုင်ငံတော်စျာပန ယာဉ်တန်းသည် နေပြည်တော်တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ထွက်ခွာရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များက လိုက်ပါပို့ဆောင်ကြသည်။

ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကို တင်ဆောင်ထားသည့် စာမျက်နှာ ၁၈ သို့



စျာပနအခမ်းအနား တက်ရောက်လာကြသူများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွြင်းကျန်ရစ်သော ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။





ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား တင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်စျာပနယာဉ်တန်း နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ ပုဗ္ဗသီရိမြို့ပတ်လမ်းအတိုင်း တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ မောင်းနှင်လာရာ လမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ရေ၊လေ)မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြု ဦးညွှတ်နှုတ်ဆက်ကြစဉ်။





ဗညားဒလ

# ဆိုက်ဝါးအန္တရာယ်




"ဆရာက ကဗျာအကြောင်း၊ ဝတ္ထုအကြောင်း၊ စာပေသဘောတရားအကြောင်း စတဲ့သိကောင်းစရာတွေကို ပြောပြတယ်။ ကျွန်တော်တို့ မြန်မာစာဌာနကို ဆရာဇော်ဂျီဦးဆောင်လမ်းပြပေးတဲ့ ပညာရပ်ဆိုင်ရာလုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ ကာလပေါ်ဝတ္ထုလို့ခေါ်တဲ့ ခေတ်ဝတ္ထုလေ့လာရေးနဲ့ စကားပြေလေ့လာရေးတို့ပါပဲ။"

မောင်ခင်မင်(ဓနုဖြူ)(၁၉၄၂- ၂၀၂၅)
မြန်မာစာပါမောက္ခဒေါက်တာခင်အေး

## နိဒါန်း

ငယ်စဉ်က တစ်ယူသန်ခဲ့ပါတယ်။ ကျွန်တော်သိတာ အမှန်ရယ်၊ အမှားရယ် ဒီနှစ်မျိုးပဲရှိတာကို သိတယ်။ ဖြူရင်ဖြူ၊ မဖြူရင်အဲဒါဟာအမဲ(အမည်း)ရောင်ပဲလို့သာ နားလည်ထားတယ်။ သူနဲ့ကိုယ်နဲ့ အနိုင်အရှုံးကစားရင် အနိုင်မရခဲ့သော် အရှုံးပဲလို့ နားလည်ထားမိတယ်။ သရေဆိုတာ စိတ်ထဲမှာမသိခဲ့ပါဘူး။ ရှိမှန်းတောင် သတိမထားမိပါဘူး။ ပေါ့ပေါ့တန်တန်တော့ သိသလိုလိုပဲ။ အမှတ်မထား။

တော်တော်ညံ့တဲ့ ကျွန်တော်ပါ။

ခုနစ်တန်းလောက်သိပ္ပံဘာသာ၊ ရူပဗေဒသင်ခန်းစာသင်မှ အဖြူထဲမှာ ခရမ်း၊ မဲပြာ၊ အပြာ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီဆိုတဲ့ အရောင်ခုနစ်ရောင်ပါဝင်ကြောင်း သုံးမြှောင့်ဖန်တုံးကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြီး ဆရာကလက်တွေ့သက်သေပြချက်၊ ကိုယ်တွေ့မျက်မြင်ယုံရတော့တာကိုး။

အဖြူနဲ့အနက်အပြင် စိမ်း၊ ဝါ၊ နီ၊ ပြာ၊ အညို၊ ခရမ်းနဲ့ ပန်းရောင်၊ ဖက်ဖူးရောင်အပြင် ရွှေရောင်၊ ငွေရောင် စသဖြင့် အနုအရင့်အရောင်များစွာရှိနေတာ (ကိုယ်မသိမမြင်တာတွေ) ရှိနေကြောင်း တက္ကသိုလ်ကျောင်းသားအရွယ်လောက်ရောက်မှသိတယ်။

အမှန်နဲ့အမှား၊ တရားမျှတမှုနဲ့ မတရားမှု ဆိုတာထက် သူ့ဘက်ကိုယ့်ဘက် ယုတ္တိဗေဒတွေရှိနေရဲ့။ သူ့ဘက်ကိုယ့်ဘက် ရပ်တည်ချက်ရှုထောင့်မတူရင် ဆင်ခြေတွေ အသီးသီးရှိနေတတ်ကြတယ်။ ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်လို့ အရင်ကထင်ခဲ့မိဖူးပေမယ့် အဗျာကတဆိုတာ ရှိသေးမဟုတ်လား။

အသက်ကြီးလာ၊ အတန်းတွေမြင့်လာ၊ ဖတ်ရ၊ ကျက်မှတ်ရတဲ့စာတွေ များများလာမှ မျက်လုံးကကျယ်ကျယ်လာတာကိုး။ ဘာသာရပ်မျိုးစုံ၊ ဆရာမျိုးစုံက သင်ကြားပြသတာကို ဝါးစားသလို ဖတ်ရင်းဖတ်ရင်းနဲ့ နှစ်ပေါင်းများစွာကြာလာတဲ့ အခါမှ အနည်ထိုင်လာပါတော့တယ်။ အစွန်းမရောက်အောင်ကြည့်တတ်၊ မြင်တတ်လာတယ်ပေါ့။ အနည်းငယ်လောက်တော့။

သို့သော်. . .

မသိနားမလည်ကြသူများကိုသိမြင်နားလည်ထားကြသူတွေက ယုံစားအောင်လိမ်လည်ပြီး နိုင်ငံရေး၊ စီးပွားရေးတို့မှာ အမြတ်ထုတ်နေကြပုံတွေ။

## သင်ခန်းစာ

ဘယ်သူကမှ ကကြီးကနေ အအထိတော့ ဂဃနဏ သဲသဲကွဲကွဲမသိကြသော်လည်း ကကြီး၊ ခခွေးလောက်တော့ကြားဖူးနားဝရှိကြတာပဲလေ။ ယောင်ဝါးဝါးနဲ့ မိမိကိုယ်ကိုသိလှပြီထင်ကြသူများဟာ အနောက်တိုင်းက အွန်လိုင်းမီဒီယာမိုးလုံးပြည့် မှိုင်းတွေတိုက်ခတ်မွှေနှောက်လိုက်တဲ့အခါ ဂွမ်းပြန်လဲကျ။

လွန်ခဲ့တဲ့ ၁၉၈၈ လောက်က တစ်ကြိမ်၊ ရေဒီယိုက ပြောသမျှ ဘီဘီစီ၊ ဗီအိုအေ၊ လိမ်နေညာနေ လုပ်ဇာတ်တွေခင်း။ ရုပ်ရှင်မင်းသားတစ်ဦးရဲ့သမီးကို ဘယ်သူဘယ်ဝါတွေက ဘယ်လိုမတရားကျင့်ပါတယ်ဆိုပြီး ငိုငိုယိုယိုအသံလွှင့်(တကယ်ကထောင်ထဲကိုရဲတို့၊ စစ်သားတို့ ဝင်ခွင့်မရှိခဲ့ပါ) တစ်နိုင်ငံလုံးက ယုံကြည်၊ ဒေါသတွေ လူတိုင်းအလိပ်လိုက်၊ အလိပ်လိုက်ထွက်ပြီး ဗီအိုအေက ဘီဘီစီက ပြောသမျှ၊ ပြသမျှ ဘုရားဟောတရားတော်လို အကြွင်းမဲ့ယုံကြည်ကိုးစားယုံကြည်ကြတဲ့လူမျိုး။

လောကမှာ အ သူဟာခံရစမြဲပါ။

တစ်ကြော့ပြန် ၂၀၂၁ မှာလည်း ကြိုတင်စီမံပြင်ဆင်ထားတဲ့ ဟောပြောချက်တွေ၊ ဇာတ်ကွက်ဇာတ်လမ်းတွေနဲ့ ဂျပန်ခေတ်မှာ ခက်ခဲရှားပါးလှတဲ့ ပဲပြုတ်နဲ့နံပြားကိုပင် စားရရှာတာ သနားစာနာအောင်ဇာတ်လမ်းထွင်ပြီး ဟောကြ၊ ပြောကြ၊ ပဲပြုတ်နဲ့နံပြားစားပွဲတွေနဲ့ လှုံ့ဆော်ကြ၊ နောက်တစ်ခါလာပြန်ချေသေး။ ယုံတာပဲ။ ဖုန်းပေါ်မှာ ပြောသမျှ၊ ဆွဲဆောင်သမျှကို အဟုတ်မှတ်တာပဲ။ ယုံတာပဲ။ ကျွန်တော်တို့လူမျိုးက ကံငါးပါးကိုနေ့စဉ်သီလယူပြီး စောင့်ထိန်းကြလေတော့ တစ်ခြားလူတွေလည်းပဲ မုသာဝါဒတွေတော့ ဒီလောက်မပြောနိုင်လောက်ဘူး ယုံကြည်နေပြန်ပါရော။ ရိုးလွန်းတော့လည်း အ ပေတာပေါ့။

## လာပြန်ပြီ

တစ်ခါခံရရင် စော်ကားသူရဲ့အပြစ်ပါ။ နှစ်ခါခံရပြန်ပြီဆိုရင်တော့ ခံရသူအပြစ်တဲ့။ ကျွန်တော်တို့ဟာ မီးရှို့စရာ သူတကာလာလုပ်ဖို့မလိုဘဲ ကိုယ့်တိုင်းရင်းသား၊ မိမိလူမျိုးတွေက တော်လှန်ရေးလို့ခေါင်းစဉ်တပ်ပြီး လမ်းတွေဖျက်၊ တံတားတွေချိုး၊ လျှပ်စစ်တာဝါတိုင်ကြီးတွေကို မိုင်းခွဲဖျက်ဆီး၊ ကျောင်းတွေရွာတွေမီးရှို့၊ အပြစ်မဲ့အရပ်သားတွေကို လည်လှီးသတ်ဖြတ်၊ ကျောင်းဆရာ၊ ဆရာမတွေကို လမ်းပေါ်မှာသတ်ပြ။ အကြောက်တရားနဲ့ ပြည်သူလူထုကို နှိပ်စက်အနိုင်ကျင့်နေတာ တော်လှန်ရေးတဲ့လား။

ဒီလိုလူမဆန်အောင် ရိုင်းစိုင်းကြမ်းတမ်းယုတ်မာတဲ့ အပြုအမူမျိုးကို လေးနှစ်၊ ငါးနှစ်ကြာအောင် ခေါင်းငုံ့ခံခဲ့ကြတဲ့ ကျွန်တော်တို့လူမျိုးတွေရဲ့ ဘဝဟာ သနားစရာကောင်းလှလွန်းလို့ ခံစားရတာ ရင်ဘတ်ထဲမှာ အသည်းနှလုံးတွေတောင် ပူလောင်ကြေမွကုန်ပါပြီဗျာ။

သူတို့ဆိုတာ အပြောအဆိုကြမ်းတမ်းရိုင်းစိုင်းရုံသာမကဘူး။ ဘာလက်နက်မှမရှိကြတဲ့ ဆရာ၊ ဆရာမတွေ၊ ရွာသူ၊ ရွာသားတွေကို အပြစ်မရှိဘဲ "ဒလန်"တံဆိပ်ကပ်စွပ်စွဲပြီး ရက်ရက်စက်စက်သတ်ဖြတ်မှုတွေ ကျူးလွန်ကြတာကိုး။ လက်နက်အားကိုးဆိုးချင်တိုင်းဆိုးမိုက်အနိုင်ကျင့် လုယက်၊ ခိုးယူ၊ ဗိုလ်ကျနေသမျှ ၂၀၂၅ ခုနှစ်မှာတော့ မခံမရပ်နိုင်တော့တဲ့ ပြည်သူတွေဟာ ဘယ်သူကတရားမျှတသလဲ။ ဘယ်ဝါက မတရားမမျှတဘူးပဲ။ ဘယ်သူက ငါတို့တိုင်းပြည်နဲ့လူမျိုးအတွက် ကာကွယ်ဖို့ရာလက်နက်ကိုင်တိုက်နေတာလဲ။

## ဖြစ်ရပုံများ

ဘယ်ဝါတွေက ပြည်ပနိုင်ငံခြားနယ်ချဲ့ကျူးကျော်သူတွေရဲ့ ငွေနဲ့ဝယ်ထားတာခံရတဲ့ လက်ကိုင်တုတ် လူယုတ်မာ(ကိုယ့်သွေးထဲကသွေးပုပ်)သစ္စာဖောက်လောက်ကောင်တွေလဲ သိမြင်လာကြပြီ။ ဇာတ်ရည်လည်ရင် ဇာတ်သိမ်းတော့မယ်ပေါ့။ မိုးလည်းလင်းလုပါပြီ။ သန်းခေါင်ယံထက်တော့ပိုပြီး ညဉ့်မနက်နိုင်တော့ပါဘူးလေ။

နှစ်ဆယ်ရာစုခေတ်ထဲမှာ မြန်မာပြည်သူတွေဟာ လွတ်လပ်ရေးရဖို့ရာ နယ်ချဲ့ကျူးကျော်တဲ့ အရင်းရှင်အင်္ဂလိပ်ကိုလည်း တော်လှန်ခဲ့ရတယ်။ ဂျပန်ဖက်ဆစ်ကျူးကျော်သူကိုလည်း တော်လှန်ခဲ့ရတယ်။

၁၉၈၈ နဲ့ ၂၀၂၁ မှာတော့ နယ်ချဲ့အရင်းရှင်တို့ရဲ့ သူတို့ရုပ်သေးဆိုက်ဝါးလှည့်စားမှုနဲ့ တိုင်းပြည်ကို မွှေနှောက်ဖျက်ဆီး၊ မီးရှို့သတ်ဖြတ်ခံကြရပြန်ပါတယ်။ ညံ့တဲ့လူဟာ ခံဘက်ကချည်းပါပဲ။

> **❖ဘာလက်နက်မှမရှိကြတဲ့ ဆရာ၊ ဆရာမတွေ၊ ရွာသူ၊ ရွာသားတွေကို အပြစ်မရှိဘဲ "ဒလန်"တံဆိပ်ကပ်စွပ်စွဲပြီး ရက်ရက်စက်စက်သတ်ဖြတ်မှုတွေ ကျူးလွန်ကြတာကိုး။ လက်နက်အားကိုးဆိုးချင်တိုင်းဆိုးမိုက် အနိုင်ကျင့် လုယက်၊ ခိုးယူ၊ ဗိုလ်ကျနေသမျှ ၂၀၂၅ ခုနှစ်မှာတော့ မခံမရပ်နိုင်တော့တဲ့ ပြည်သူတွေဟာ ဘယ်သူကတရားမျှတသလဲ။ ဘယ်ဝါက မတရားမမျှတဘူးပဲ။ ဘယ်သူက ငါတို့တိုင်းပြည်နဲ့လူမျိုးအတွက် ကာကွယ်ဖို့ရာလက်နက်ကိုင် တိုက်နေတာလဲ။ ဘယ်ဝါတွေက ပြည်ပနိုင်ငံခြားနယ်ချဲ့ကျူးကျော်သူတွေရဲ့ ငွေနဲ့ဝယ်ထားတာခံရတဲ့ လက်ကိုင်တုတ် လူယုတ်မာ(ကိုယ့်သွေးထဲကသွေးပုပ်)သစ္စာဖောက်လောက်ကောင်တွေလဲ သိမြင်လာကြပြီ။ ❖**

## ကြည့်ပါဦး

စာအုပ်တစ်အုပ် Psychological Warfare အကြောင်း ဘာသာပြန်ထားတာ ရှားရှားပါးပါးတွေ့ရလို့ ဖတ်ကြည့်ပါတယ်။ စာအုပ်ထဲမှာပါတာ အနှစ်ချုပ်မှ ကောက်နုတ်ကူးယူဖော်ပြလိုက်ပါရစေ။ ကြော်ငြာတာတော့မဟုတ်ပါဘူး။ ဆိုက်ဝါးဆိုတာအသုံးပြုပြီး သူတစ်ပါးနိုင်ငံက မိမိတို့လူမျိုးကို မတိုးတက်မဖွံ့ဖြိုးဘဲ ခေတ်နောက်ကျကျန်ရစ်ခဲ့အောင် ဘယ်လိုစစ်ခင်းဖျက်ဆီးတိုက်ခိုက်တယ်ဆိုတာ အမှန်အတိုင်းသိမြင်ကြစေချင်ပါတယ်။ သူရဲ့ဘာသာပြန်ထဲမှာ-

"ဆိုက်ဝါးဆိုတာကတော့ လူတွေရဲ့စိတ်နဲ့အပြုအမူကို ကြိုးကိုင်ခြယ်လှယ်ခြင်းပဲ ဖြစ်ပါတယ်။

နည်းလမ်းများကတော့-

**၁။ လှည့်စားခြင်း**(ပုံသဏ္ဌာန်အမျိုးမျိုးရှိတယ်)

**၂။ လွှမ်းမိုးခြင်း၊**

**၃။ ခြယ်လှယ်ခြင်း၊**

**၄။ အကျပ်ကိုင်ခြင်း၊**

**၅။ ကြိုးကိုင်ခြယ်လှယ်ခြင်း၊**

**၆။ ဦးနှောက်ဆေးခြင်း၊**

ဆိုက်ဝါးထည့်ခြင်းကြောင့် သူတို့ရဲ့ရည်ရွယ်ချက်က လူတစ်ယောက်ကို(ရုပ်သေးရုပ်အဖြစ် နောက်ကွယ်က ကြိုးကိုင်ပြီး)သူတို့ ရည်ရွယ်ချက်တွေ လုပ်ဆောင်အကောင်ထည်ဖော်အောင် မောင်းနှင်မယ်။

ဥပမာ- **တိုင်းပြည်ပြိုကွဲအောင်လုပ်မယ်။**

**မဖွံ့ဖြိုးအောင် ဟန့်တားမယ်။**

**မညီညွတ်အောင် သွေးခွဲမယ်။**

**မတိုးတက်အောင် ဖျက်ဆီးမယ်။**

**ပညာရေး၊ ကျန်းမာရေး**

**ညံ့အောင်လုပ်မယ်။**

ဒါမျိုးတွေကို ဘယ်နယ်ပယ်တွေမှာလုပ်သလဲ-

၁။ လုပ်ငန်းခွင်နယ်ပယ်များ

၂။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်

၃။ စီးပွားရေးသမားအသိုင်းအဝိုင်း

၄။ စွန့်ဦးတီထွင်သူများ

၅။ ရင်းနှီးမြှုပ်နှံသူများ

၆။ ဆုံးဖြတ်ချက်အာဏာရှိသူများတဲ့"

## နိဂုံး

ဒါတွေကို ဆိုက်ဝါးနည်းလမ်းအမျိုးမျိုးနဲ့ ထိုးဖောက်ဝင်ရောက်ပြီး သူတို့စိတ်တိုင်းကျ မွှေနှောက်လှုပ်ရှားမှာဖြစ်ပါတယ်။ ငါးနှစ်ကြာမှ အစိုးရအဖွဲ့နဲ့ လွှတ်တော်များရုံးအဖွဲ့မှာ နိုင်ငံခြားသားအကြံပေး ၉၁ ဦးကို ငွားခဒေါ်လာငွေကြေးများစွာပေး၍ ကြိုးကိုင်ခြယ်လှယ်ပုံများကို ကြည့်နိုင်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၀၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် သြဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၀၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၃၉၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၀၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၁၀၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေနဲ့ တောင်သူတွေ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ဓာတ်မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကလောမြို့နယ် ပေါင်ယံတပ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကလော သြဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာမိုင်းခမ်းကျေးရွာအုပ်စု ပေါင်ယံတပ်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ(VRFP) စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပေါင်ယံတပ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပေါင်ယံတပ်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဝင်များက ပေါင်ယံတပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၃၀ ထုတ်ချေးပေးခဲ့ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

မောင်ခိုင်

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ညောင်တုန်း သြဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်က ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒေသထွက်နွေစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ညောင်တုန်းမြို့နယ်ဘက်က ဆန်တွေကို အဝယ်လိုက်နေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စိုက်ပျိုးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်းများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှုလုပ်ငန်း စစ်ဆေး

နေပြည်တော် သြဂုတ် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကြို့ပင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြို့ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကြို့ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၁၃၈၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၃၉၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ZCO ကုမ္ပဏီက ဇူလိုင်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးထံမှ သိရသည်။

သူသူ



# ဖာပွန်မြို့နယ် နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဖာပွန် သြဂုတ် ၁၁

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သြဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နို့ထကျေးရွာ၌မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ရန်ပုံငွေကျပ် ၅၁၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုသက်

# အဆိပ်ကိုမျို ရွှေကိုအန်ထုတ်

**မင်းယဉ်စု**

ပင်စင်စားဘဝမှာ ကျွန်တော်တို့ဇနီးမောင်နှံနှစ်ယောက်ရဲ့ ပင်စင်လစာကို(သွားရ၊ လာရတာ ပင်ပန်းလို့) ဘယ်တော့မှ တစ်လတစ်ခါ မထုတ်ဘူး။ ၉ လ၊ ၁၀ လ ကြာမှ တစ်ခါထုတ်တယ်။ ဒါတောင် "တစ်နှစ်ကျော်အောင် မထားပါနဲ့"လို့ ဘဏ်က ပြောထားလို့လေ။ တစ်နှစ်ကျော်အောင်ထားရင် အချို့စာရွက်စာတမ်းတွေကို အသစ်ပြန်လုပ်ရတာ ရှိတယ်တဲ့။

အခုတော့ တစ်မျိုးပြောပြန်ပြီ။ ခြောက်လ လောက်ပဲထားပါတဲ့။ ဒါနဲ့ ခုနောက်ပိုင်းမှာ ခြောက်လ တစ်ခါပဲ ထုတ်တော့တယ်။

တစ်လောကတော့ ဘဏ်ကတူမိတ်ဆွေတစ်ယောက်က ဖုန်းဆက်ပြီးအသိပေးလာတယ်။ ပင်စင်ထုတ်ရင် Smart Card ပြရတယ်။ မရှိသေးရင် လုပ်ထားပါတဲ့။ ဒါနဲ့ သားဖြစ်သူကို ပြောပြတော့ သားက သူလိုက်လုပ်ပေးမယ်ဆိုပြီး လိုအပ်တဲ့ မှတ်ပုံတင်နဲ့ အိမ်ထောင်စုလူဦးရေစာရင်းတွေကို မိတ္တူကူးခိုင်းထားတယ်။

တစ်ရက်မှာတော့ Smart Card သွားလုပ်မယ်ဆိုပြီး ကျွန်တော်တို့ဇနီးမောင်နှံကို သားနဲ့သူ့ ဇနီးက ကားနဲ့လာခေါ်တယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမသွားခင် အဖေတို့ကို မနက်စာကျွေးမယ်ဆိုပြီးတော့ ကန်တော်ကြီးစောင်းအနားမှာရှိတဲ့ ထိုင်းစာသောက်ဆိုင်တစ်ခုကို ခေါ်သွားတယ်။

အဲဒီဆိုင်မှာ သားလိုက်ကျွေးလို့ပဲ တစ်ခါ Dimsum စားဖူးတယ်။ စားလို့ကောင်းတယ်။ ဈေးကလဲ ကောင်းတယ်။ အပေါ်ထပ်တက်စားချင်တဲ့ Dimsum တွေမှာပြီး စားခါနီးကျတော့ ကျွန်တော်က ပြောမိတယ်။ "မင်းတို့ကျွေးတာ ဝမ်းသာပါတယ်။ ကျေးဇူးလဲတင်ပါတယ်။ ဒါပေမဲ့ နောက် ဒီလိုအစားအစာမျိုးတွေ မကျွေးပါနဲ့ကွာ"လို့ သားကို ဖွင့်ပြောရတယ်။

“ဘာဖြစ်လို့လဲ"လို့ သားကဆိုတော့

"မင်းတို့ အကုန်အကျများမှာစိုးလို့ပါကွာ"ဆိုပြီး ကျွန်တော်က ပြန်ဖြေရတယ်။

ဒါ"စေတနာ"ပါ။

သားသမီးအပေါ်မှာ ထားရှိတဲ့ ရင်ထဲကလာတဲ့ မိဘရဲ့"စေတနာ"ပါ။

ဒါကို သားကလဲ သဘောပေါက်တယ်ထင်ပါရဲ့။ သူကလဲ တစ်ခုပြန်ပြောပြတယ်။

သားဆီ အစားသောက်တွေမှာတဲ့ အချို့လူတွေက သားကို တစ်ခုတောင်းဆိုကြတယ်။ ဖြစ်နိုင်ရင် ကျသင့်ငွေကိုဖော်ပြတဲ့ ဘောက်ချာကို ထည့်မပေးပါနဲ့တဲ့။

“ဘာပြုလို့လဲဆိုတော့ သူတို့မိဘတွေ သိမှာ စိုးလို့ပါ" တဲ့။

"အဖေ့လို မိဘမျိုးထင်ပါရဲ့"လို့ သားက ဆိုတော့ ကျွန်တော်က ပြန်ပြောရတယ်။

"မိဘတိုင်းဟာ ဒီလိုချည်းပါပဲကွာ"လို့။

ကျွန်တော့်သားက သင်္ဘောသားပါ။ Second Mate (FG) ပါ။ သူသင်္ဘောမလိုက်ဖြစ်ဘဲ နားနေရတဲ့အချိန်မှာ သူ့ဇနီးနဲ့ စားသောက်ကုန်လုပ်ငန်း တစ်ခုလုပ်တယ်။ အဓိကကတော့ ငုံးကြော်လုပ်ငန်းနဲ့ အသုပ်ဖန်းလုပ်ငန်းပါ။ ကိုယ်တိုင် ထုတ်လုပ်ပြီး Deli သမားတွေနဲ့ အိမ်အရောက်လိုက်ပို့ပေးတယ်။ အောင်လဲ အောင်မြင်ပါတယ်။ တစ်နေ့တစ်နေ့ အလုပ်သမား ဆယ်ယောက်လောက်နဲ့ လုပ်ရတာ လက်မလည်ဘူး။

သားသမီးတွေနဲ့ ပတ်သက်လာရင် မိဘတိုင်းဟာ ဒီလိုချည်းပါပဲ။ ဘယ်လောက်ကုန်ကုန် ဘယ်လောက်ကျကျ ကိုယ်ကသာ ကျွေးလိုက်မွေးလိုက်ချင်တယ်။ ပေးလိုက်ကမ်းလိုက်ချင်တယ်။ ကိုယ့်အပေါ်မှာ သူတို့က ပြန်ပြီးကျွေးမွေးပြုစုရင်တော့ သူတို့ ကုန်ကျမှာကို စိုးတယ်။

**❖ သားသမီးတွေနဲ့ပတ်သက်လာရင် မိဘတိုင်းဟာ ဒီလိုချည်းပါပဲ။ ဘယ်လောက်ကုန်ကုန် ဘယ်လောက်ကျကျ ကိုယ်ကသာ ကျွေးလိုက်မွေးလိုက်ချင်တယ်။ ပေးလိုက်ကမ်းလိုက်ချင်တယ်။ ကိုယ့်အပေါ်မှာ သူတို့က ပြန်ပြီးကျွေးမွေးပြုစုရင်တော့ သူတို့ကုန်ကျမှာကိုစိုးတယ်။ မွန်စကားပုံ တစ်ခုလိုပေါ့။ မိဘဆိုတာမျိုးဟာ သားသမီးတွေနဲ့ ပတ်သက်ရင် "အဆိပ်ကိုမျို ရွှေကိုသာအန်ထုတ်" တတ်ကြပါတယ်။ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးမှာ ကောင်းတာပဲလုပ်ချင်တယ်။ ကောင်းတာပဲပြောချင်တယ်။ ကောင်းတာပဲ ဖြစ်စေချင်တယ်။ မကောင်းဘူးထင်ရင် မြူလောက်ကိုမှ မထုတ်ပြချင်ဘူး။ မမြင်စေလိုဘူး။ ❖**

မွန်စကားပုံ တစ်ခုလိုပေါ့။ မိဘဆိုတာမျိုးဟာ သားသမီးတွေနဲ့ ပတ်သက်ရင် "အဆိပ်ကိုမျို ရွှေကိုသာအန်ထုတ်" တတ်ကြပါတယ်။ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးမှာ ကောင်းတာပဲ လုပ်ချင်တယ်။ ကောင်းတာပဲပြောချင်တယ်။ ကောင်းတာပဲ ဖြစ်စေချင်တယ်။ မကောင်းဘူးထင်ရင် မြူလောက်ကိုမှ မထုတ်ပြချင်ဘူး။ မမြင်စေလိုဘူး။

ကျွန်တော့်မှာသားသမီးလေးယောက်ရှိတယ်။ သမီးသုံးယောက်၊ သားတစ်ယောက်။ လေးယောက်စလုံးကို အချိန်တန် အရွယ်ရောက် လူလားမြောက်အောင်၊ ပညာတတ်ကြီးတွေဖြစ်အောင်၊ ဘဝမှာ ပေါက်မြောက်အောင်မြင်အောင် ကျွေးမွေးပြုစုလို့လမှုနဲ့ ရွှေလိုဥခဲ့ရတာ အားလုံးအဆင်ပြေခဲ့ကြပါတယ်။ အခုဆိုရင် သားသမီးအားလုံးဟာ အိမ်တစ်ဆောင် မီးတပြောင်နဲ့ ကိုယ်စီကိုယ်င အခြေတကျနဲ့ ဘဝမှာ အောင်မြင်နေကြတာ မြင်ရတော့ မိဘရင်မှာ နှလုံးစိတ်ဝမ်း အေးချမ်းရတာပေါ့။

လေးယောက်စလုံးကို လူလားမြောက်အောင်၊ ပညာတတ်ကြီးတွေဖြစ်အောင်၊ အကျင့်စာရိတ္တတွေကောင်းအောင် တယုတယနဲ့ ပြုစုပျိုးထောင်ခဲ့ရတာ လွယ်တော့မလွယ်လှဘူးပေါ့ဗျာ။ ဝန်ထမ်းဘဝ ၁၂၆ ကျပ် လစာနဲ့စလို့ပြန်တမ်းဝင်အရာရှိဖြစ်တဲ့အထိ သားကျွေးမှု၊ မယားကျွေးမှု ပြုစုခဲ့ရတာ အခွံခွာလို့မရတဲ့ ခရလိုပါပဲ။

တစ်ခါတစ်ခါကျတော့ အစအကြောင်းကို ပြန်ကောက်လို့ ဘဝဟောင်းကို ပြန်လျှောက်မိတယ်။ အကြီးဆုံးပထမသမီးက ငယ်ငယ်ကဆို အိပ်ဖို့ သိပ်ရတာခက်တယ်။ သူက ပုခက်ကိုကြိုက်ပေမဲ့ သာမန်လွှဲလို့မရဘူး။ တုပ်ထားမှရတာ။ ပုခက်လုပ်ထားတဲ့ စောင်ကြိုးနှစ်ဖက်ကို သူအိပ်ပျော်သွားတဲ့အထိ တုပ်ထားပေးရတာ။ ကြာတော့ လက်တွေတောင် အံ့သေပြီး ထုံကျဉ်ကိုက်ခဲလာတယ်။ ဒါပေမဲ့ မရပ်ရဲဘူး။ သူနှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားမှ သူ့ကိုယ်လေးကို လက်ကလေးနှစ်ဖက်နဲ့ အသာကလေး သိုင်းချီသယ်ပိုးပြီး အိပ်ရာထဲရောက်အောင် ပို့ပေးရတယ်။ အသက်ကိုပြင်းပြင်းမရှူရဲဘူး။ ပြန်နိုးပြီဆိုတာနဲ့ ငိုတော့တာပဲ။ အဲဒီတော့ ပုခက်ထဲ ပြန်ထည့်ပြီး တုပ်ထားပေတော့။ အိပ်ပျော်သွားတဲ့ အထိ။ အတုပ်ကြိုက်တဲ့ အဲဒီသမီးက အခုတော့ တွဲဖက်ပါမောက္ခကြီးဖြစ်နေပြီ။

ဒုတိယသမီးကတော့ ငယ်ငယ်က တစ်ကိုယ်လုံး အနာတွေပေါက်တာ သနားစရာ။ ယားနာတွေလေ။ ယားလိုက် ကုတ်လိုက် အနာဖြစ်လိုက်နဲ့ တော်တော်အခံရခက်ရှာတာ။ ဆေးဝါးတွေကလဲ ခုခေတ်လောက်မစုံတော့ အုန်းဆီနဲ့ ဆာလဖာမှုန့် ရောလိမ်းပြီး အနာဖေးတက်လာမှ ဖြည်းဖြည်းလေးခွာပေးရတယ်။ လက်ဝင်လိုက်တာ။ အခုတော့ သူက အင်္ဂလန်မှာ OG ဆရာဝန်မကြီးဖြစ်နေပြီ။

တတိယသမီးကတော့ သူတို့ထဲမှာ ဂျီအကျဆုံး။ သူတစ်နှစ်သမီးလောက်က ယောက္ခမတွေရှိတဲ့ ပဲခူးကိုသွားလည်ပြီး မီးရထားစီးလို့ အိမ်အပြန်မှာ ရထားပေါ်မှာ ဂျီကျပါလေရောဗျာ။ ဘယ်လိုမှ ချော့မော့လို့မရ၊ မြူလို့မရ၊ အာခေါင်ကြီးခြစ်ခြစ်ပြီး ငိုယိုနေလိုက်တာ ရထားတစ်စင်းလုံး ဆူညံနေပါရော။

ဒါနဲ့ ရထားပေါ်က ပစ္စည်းတင်တဲ့စင် နှစ်ဖက်ကို စောင်နဲ့ချည် ပုခက်လုပ်ပြီး တစ်လမ်းလုံး လွှဲလာရတာ ခရီးသည်တွေကိုတောင် အားနာလှပါရဲ့။ အဲဒီလို ဗျာများနေတုန်း ရထားက တိုးကြောင်ကလေးဘူတာနားအရောက်မှာ ရုတ်တရက် ဇနီးသည်ရဲ့ ဘေးမှာချထားတဲ့ ပိုက်ဆံအိတ် Sling Bag ကို လူတစ်ယောက်က ဖျတ်ခနဲလုယူပြီး ရထားပေါ်က ခုန်ဆင်းပြီးထွက်ပြေးသွားတော့ ရှိသမျှ ပါသွားပါလေရောခင်ဗျာ။ အဲဒီသမီးက အခုတော့ ကထိက ဘဝနဲ့ ဗိုလ်ကြီးမဖြစ်နေပြီ။

နောက်ဆုံးတစ်ယောက်ဖြစ်တဲ့ တစ်ဦးတည်းသောသားယောကျ်ားလေးကတော့ တစ်မိပေါက် တစ်ယောက်ထွန်း အဆိုးဆုံးပါပဲခင်ဗျာ။ ကျောင်းပြေးလားပြေးရဲ့၊ ရုပ်ရှင်ခိုးကြည့်လား ကြည့်ရဲ့၊ အုပ်စုဖွဲ့ပြီး ရန်ဖြစ်လား ဖြစ်ရဲ့။ ဘောလုံးကန်၊ သစ်ပင်တက်၊ ရေကူး ကျောင်းစာကလွဲရင် အကုန်ထူးချွန်တယ်။ ဒါပေမဲ့ တစ်ခုကောင်းတာက စာမေးပွဲတော့ တစ်ခါမှမကျဘူး။ ဆယ်တန်းဆိုလဲ နှစ်ချင်းပေါက်အောင်တယ်။

မှတ်မိသေးတယ်။ မအူပင်မှာ GTI ကျောင်းသွားတက်တော့ အိမ်ကမိဘများက ဘာမှလိုလေသေးမရှိအောင် အကုန်စီစဉ်ပေးလိုက်တယ်။ နေဖို့အဆောင်၊ ဝတ်ဖို့အဝတ်အစား၊ စားဖို့အစားအစာ အစုံအလင်နဲ့တကွ စီးဖို့ဆိုင်ကယ်တောင် အသစ်ဝယ်ပေးလိုက်တယ်။ သုံးနှစ်အကြာ GTI ကျောင်းတက်အပြီး ကျောင်းဆင်းလာတော့ ဒီပလိုမာတော့ရပါရဲ့။ ဘာပစ္စည်းမှပါမလာတော့ဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ။ ခါးဝတ်ခါးစားနဲ့။ ဘယ်ရောက်ကုန်လဲဆိုတော့ အားလုံးသူငယ်ချင်းတွေကိုပေးပစ်ခဲ့ပြီတဲ့။ အဲဒီလိုသားပါ။ ဘွဲ့တစ်ခုလဲ ထပ်ရပါရဲ့။ ရည်းစားတွေက များလိုက်တာ လွန်ပါရော။ ကားလေးသူမောင်းပြီး ဖအေလုပ်သူက ရုံးသွားနေချိန်သူလိုက်လာရင် "အဖေရေ ချိန်းထားတာ အချိန်နီးပြီဆိုရင်ပဲ ဖအေဖြစ်သူက အလိုက်သင့် သူ့ကိုကားပေးပြီး ကြုံရာတက္ကစီနဲ့ရုံးသွားတက်ရတယ်။ အဲဒီလို သားဖြစ်တယ်။ အခုတော့ သူက Second Mate (FG) သင်္ဘောသား အရာရှိပေါက်စ ဖြစ်နေပါပြီ။

ဪ . . . သားသမီးတွေ ပြောပါတယ်။ သူတို့ အလှည့်ကျ သိတတ်လိုက်ကြတာ။ အိမ်ထောင်သာကျတယ်။ ဘယ်သူမှ သားသမီးမယူကြဘူး။ တွက်တတ်၊ ချက်တတ်လိုက်ကြတာ။ မိဘက မြေးချီချင်ပါတယ်ဆိုလဲ No ဆောရီးပဲ။

ဒါပေမဲ့ တစ်ခုကောင်းတာက ကျွန်တော့်သားသမီးတွေဟာ မိဘကိုတော့ ချစ်တတ်ကြတယ်။ ဖအေရော မအေပါ ပင်စင်စားဘဝရောက်နေကြပေမဲ့ ဘာတစ်ခုမှ မချို့ငဲ့စေရဘူး။ အဝတ်အထည်က စလို့ အစားအစာ ငွေကြေးအသပြာ အစစအကုန် ထောက်ပံ့ပေးကြတယ်။

ခက်တာက မိဘဖြစ်တဲ့ ကျွန်တော်တို့ ဇနီးမောင်နှံက အားနာတယ်ဗျာ။ သူတို့ပေးလေ ကျွေးလေစားရတာ လည်ပင်းနင်လေပဲ။ သူတို့ ကုန်မှာကျမှာ စိုးတယ်ဗျာ။

ကျွန်တော် ပြောခဲ့ပါရောလား။ မိဘဆိုတာ ကိုယ်ကပဲ ကျွေးချင်၊ မွေးချင်၊ အနစ်နာခံချင်တာ သူတို့ကို ဘာမှ မကုန်ကျစေချင်ဘူး။ မကောင်းတာ ဘာမှမဖြစ်စေချင်ဘူး။ သူတို့နဲ့ပတ်သက်လာရင် အဆိပ်ကိုမျိုပြီး ရွှေကိုသာ အန်ထုတ်လိုက်ချင်တယ်။


**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့် လူငယ်များ၏တာဝန်

**ကိုယဉ်ချစ်(မန္တလေး)**

၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ်၊ ၅၄/၁၂၀ဖြင့် နှစ်စဉ်ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့သည်။ နိုင်ငံအသီးသီးတွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၂ရက်တွင် စတင်ကျင်းပခဲ့ကြသည်။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းလူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို နိုင်ငံတကာအသိုက်အဝန်းမှသိရှိနားလည်ကာ လိုအပ်သည့်မူဝါဒ၊ မဟာဗျူဟာများ ရေးဆွဲချမှတ်အကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို နိုင်ငံတကာအသိုက်အဝန်းများ၏ အာရုံစိုက်မှုရရှိစေရန်နှင့်ယနေ့ခေတ် ကမ္ဘာ့လူ့အဖွဲ့အစည်းများတွင် မိတ်ဖက်များအဖြစ် လူငယ်များ၏ စွမ်းဆောင်ရည်များနှင့်ကြိုးစားအားထုတ်မှုများကို ဂုဏ်ပြုကျင်းပခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် မိမိမွေးဖွားရာ နိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်ဥပဒေရေးရာ ကိစ္စရပ်များကို အာရုံစိုက်လာစေရန်လည်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို နှစ်စဉ်ဆောင်ပုဒ်များချမှတ်ပေးကာ ကျင်းပလျက်ရှိသည်။ ၂၀၂၅ခုနှစ်၏ဆောင်ပုဒ်မှာ Local Youth Actions For The SDGs And Beyond "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့" ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဩဂုတ် ၁၂ရက်တွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားများကို ကျင်းပလျက်ရှိသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဖိုရမ်ကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လူငယ်များသည် အနာဂတ်နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ လူငယ်များတွင် ခွန်အားရှိခြင်း၊ ရိုးသားခြင်း၊ ကိုယ်ကျိုးစွန့်၍ အများအကျိုးကိုသယ်ပိုးလိုခြင်း၊ စိတ်အားထက်သန်ခြင်း၊ အမှန်တရားကို မြတ်နိုးခြင်း၊ မဟုတ်မခံစိတ်ရှိခြင်း၊ စွန့်စားလိုခြင်း၊ စမ်းသပ်လိုခြင်းနှင့် အနစ်နာခံဆောင်ရွက်လိုခြင်းစသည့် အခြေခံစိတ်ဓာတ်ကောင်းများနှင့် ထူးခြားသည့်စွမ်းရည်များကို ပိုင်ဆိုင်ထားသည်။

သို့ရာတွင် အတွေ့အကြုံနုနယ်ခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်မှုအားနည်းခြင်း၊ ပတ်ဝန်းကျင်ကို ခင်တွယ်တတ်ပြီး အလွယ်တကူယုံကြည်လွယ်ခြင်း၊ မှန်သည်ထင်ပါက တစ်ဇွတ်ထိုးလုပ်ကိုင်တတ်ခြင်း၊ သိထားသည့်အသိကို ပြည့်စုံနေပြီဟုထင်မှတ်ကာ မိမိကိုယ်မိမိအထင်ကြီးခြင်း၊ သူတစ်ပါးကို အထင်သေးခြင်း၊ ဆင်ခြင်တုံတရားနည်းပါးခြင်း၊ ခေတ်လွန်အယူအဆများဖြင့် မဆင်မခြင်လုပ်ကိုင်တတ်ခြင်းစသည့် အားနည်းချက်များလည်းရှိကြသည်။

လူငယ်များတွင်ရှိနေသည့် အရည်အချင်းကောင်းများနှင့် အားနည်းချက်များကို တည့်မတ်ထိန်းကျောင်းပေးကြရမည်ဖြစ်သည်။ လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လူငယ်များကိုယ်တိုင်ကလည်း စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူများဖြစ်စေရန် ကျင့်ကြံအားထုတ်နေကြရမည်ဖြစ်သည်။

**❖မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဩဂုတ် ၁၂ရက်တွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားများကို ကျင်းပလျက်ရှိသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဖိုရမ်ကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။❖**

လူငယ်များကို မှန်ကန်သည့်လမ်းကြောင်းပေါ်ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့်နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီများကို၂၀၂၂ခုနှစ် ဇွန် ၂၄ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ကာ လူငယ်မျိုးဆက်သစ်များ အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် မူဝါဒ၊ မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောအရင်းအမြစ်များ၊ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကိုစနစ်တကျဖော်ညွှန်းထားသော မူဘောင်တစ်ခုဖြစ်သည့်လူငယ်ရေးရာမူဝါဒကို၂၀၁၇ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။ အဆိုပါ မူဝါဒနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကိုလည်း ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

လူငယ်ရေးရာမူဝါဒတွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်ဖြစ်သည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် ဘေးအန္တရာယ်များကဏ္ဍ၊ အားကစားနှင့်အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေအနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား၊မ တန်းတူညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများ ပါဝင်သည်။ ထိုကဏ္ဍကြီးများကို ခေတ်စနစ်နှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်သည့်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လူငယ်ရေးရာကော်မတီများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာအစီအမံများဖြစ်သည့် လူငယ်လေ့လာရေးအစီအစဉ်၊ လူငယ်နီးနှောဖလှယ်ရေးအစီအစဉ်၊ လူငယ်စကားဝိုင်းများ၊ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စေတနာ့ဝန်ထမ်းအစီအစဉ်များ၊ လူငယ်ခေါင်းဆောင်မှုအစီအစဉ်များ၊ အားကစားပြိုင်ပွဲများ၊ နွေရာသီအားကစားသင်တန်းများ၊ လူမှုအကျိုးပြုအစီအစဉ်များ၊ လူငယ်နှင့်စာပေအနုပညာပွဲတော်၊ လူငယ်စုံညီပွဲတော်၊ လူငယ်တွေ့ဆုံပွဲများ၊ အာဆီယံနှင့်ဒေသတွင်း လူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများနှင့် လူငယ်ဖိုရမ်များ၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနား၊ အလုပ်အကိုင်ပြပွဲများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖွင့်လှစ်ခြင်းစသည့်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်မှ လူငယ်များအတွက် ကဏ္ဍစုံမှ အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသကဲ့သို့ လူငယ်များအနေဖြင့်လည်း နိုင်ငံတော်အနာဂတ်အတွက် မိမိတို့စွမ်းအားများဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်ဆီသို့ ပါဝင်လျှောက်လှမ်းကြရမည်ဖြစ်သည်။ အနာဂတ်အတွက် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လူငယ်တိုင်း ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အသိပညာ၊ အတတ်ပညာတတ်မြောက်ရေး၊ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိရေး၊ မိမိစွမ်းအားများကို အံဝင်ခွင်ကျ အသုံးချတတ်ရန် လိုအပ်သည်။

ကိုယ်ကျင့်တရားကောင်းမွန်ရေးသည် လူတစ်ယောက်အတွက်အရေးပါသော စွမ်းအင်တစ်ခုဖြစ်သည်။ ပညာတတ်မြောက်ခြင်း၊ စီးပွားရှာနိုင်ခြင်း၊ တိုးတက်အောင်မြင်ခြင်းများ ရရှိခြင်းများမည်မျှပြည့်စုံစေကာမူ ကိုယ်ကျင့်တရားချို့ယွင်းပါက ရိုးသားမှန်ကန်သည့်အောင်မြင်မှုများမဖြစ်နိုင်ပါ။ ကိုယ်ကျင့်တရားသည် ကိုယ်တိုင်ကျင့်ကြံအားထုတ်ရသည့်အတွက် လူငယ်တိုင်းက မိမိကိုယ်မိမိလေ့ကျင့်ပျိုးထောင်ကြရမည်။

အသိပညာ၊ အတတ်ပညာတတ်မြောက်ရေးသည် လူနေမှုအဆင့်အတန်းကို ကွဲပြားစေသည်။ နိုင်ငံတော်၏ အနာဂတ်တိုးတက်အောင်မြင်ရေးသည် နိုင်ငံသားများ၏ ပညာတတ်မြောက်မှုအပေါ်မူတည်နေခြင်းကြောင့် နိုင်ငံတော်မှပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်၍ အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်ပေးလျက်ရှိသည်။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်သည် နိုင်ငံသားတိုင်းထားရှိရမည့်ခံယူချက်ဖြစ်သည်။ အထူးသဖြင့် လူငယ်ဘဝကတည်းကပင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ကိန်းအောင်းလာစေရန် နည်းလမ်းကောင်းများဖြင့်မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများမှနည်းလမ်းများကို အတုယူသင့်သော်လည်း တိုင်းတစ်ပါးအပေါ် အထင်ကြီးလွန်းခြင်း၊ ပုံတူကူးချခြင်းများကို မပြုသင့်ပါ။

လူငယ်များ၏ စွမ်းအားများကို အံဝင်ခွင်ကျအသုံးချတတ်ရေးသည်လည်း အရေးပါသည့်အချက်တစ်ခုဖြစ်သည်။ လူငယ်များတွင်ရှိထားပြီး စွမ်းအားများကို သူ့နေရာနှင့်သူမှန်ကန်စွာ အသုံးချနိုင်ရန်အတွက် ရေရှည်အစီအမံများကို ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူငယ်စွမ်းအားများဖြင့် နိုင်ငံတော်ကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ ဦးတည်၍ လျှောက်လှမ်းကြရန် လိုအပ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ ရေရှည်ဖြတ်သန်းရမည် ဖြစ်သဖြင့် အတွေ့အကြုံရှိမှု၊ အမှန်နှင့်အမှား ဝေဖန်ပိုင်းခြားတတ်မှု၊ မှားမှန်းသိပါက အမှန်ကိုအချိန်မီပြင်ဆင်နိုင်မှု၊ အချိန်ကိုအကျိုးရှိအောင်အသုံးချတတ်မှု၊ အတွေးအခေါ်မှန်ကန်မှု၊ ယုံကြည်ချက်ခိုင်မာမှုများရှိရန် လိုအပ်သည်။ ဤအချက်များကို မပြည့်စုံပါက လိုရာပန်းတိုင်သို့ ရောက်ရှိနိုင်မည်မဟုတ်ပါ ။

လက်ရှိဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ အနာဂတ်ကောင်းမွန်ရေးအတွက်ဖြစ်သည်။ လူငယ်များ၏ စွမ်းအားများဖြင့်လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည့်အချိန်ကာလဖြစ်သည်။ ဆောင်ရွက်ကြရာတွင် ပုဂ္ဂိုလ်စွဲ၊ အဖွဲ့အစည်းစွဲ၊ အယူအဆစွဲများကို ဖယ်ရှားပြီး နိုင်ငံတော်၏ အနာဂတ်ရေးကိုသာ ဦးစားပေး၍ လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**











## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

### ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ PERFECT WORLD ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်သန့်ထက်ထူးစံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်ရဲသူ ဖြစ်ပါကြောင်း။

ဦးကျော်ရဲသူ(၁၂/မဂဒ(နိုင်)၀၉၈၄၁၁)

### မွေးသက္ကရာဇ်အမှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင်အထက်တန်းကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်မိုးမြင့်သိန်း (ဘ) ဦးတုံပေါက်ခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၅-၂-၂၀၁၄ ဖြစ်ပါကြောင်း။

မောင်မိုးမြင့်သိန်း(၅-၂-၂၀၁၄)

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကျေးရွာနေ မချောကလျာ(၅/စကန(နိုင်)၂၉၅၇၆၄)နှင့် မနှင်းကလျာ(၅/စကန(နိုင်)၂၉၅၇၆၃)တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတင်မော်စိုးဖြစ်ပါကြောင်း။

ဦးတင်မော်စိုး(၅/စကန(နိုင်)၁၆၅၉၃၅)

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



❖ မိမိတို့သည် ဈေးကွက်တစ်ခုတည်းအား အလွန်အမင်းမှီခိုနေမှုကို လျှော့ချကြရမည်ဖြစ်...

❖ ကုန်သွယ်ဆက်ဆံရေးများကို ဒေသစုံနှင့် ဖြန့်ကြက်နိုင်စွမ်းမြှင့်တင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၁၁ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၅၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၃၁၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ကျောင်းသူ ၆၈၆၁ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

## နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၂၂

## နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ဆောင်းပါး စာမျက်နှာ- ၁၀

## ဂျပန်ဖိတ်ခေါ် U12 Junior Soccer World Challenge 2025 ပြိုင်ပွဲတွင် မြန်မာယူ-၁၂ အသင်းဝင်ရောက်ယှဉ်ပြိုင်မည်

စာမျက်နှာ- ၉

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ❑

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဩဂုတ် ၁၁ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ







အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563